# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၈၆)




## ဆုချီးမြှင့်

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် နည်းပညာ တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၇) သင်တန်းဆင်းပွဲ တွင် အကောင်းဆုံး အင်ဂျင်နီယာ ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း စိုးအာကာထွန်း အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)



## လွတ်လပ်ရေးဟူသည်

လွတ်လပ်ရေးဆိုတာ အမှုမဲ့ အမှတ်မဲ့နေရင် ဖျတ်ခနဲဆိုသလို တိုင်းတစ်ပါးရဲ့ ကျွန်ပြုမှုကို ခံရပြီး ဆုံးရှုံးနိုင်တယ်။ ဒါပေမယ့် ပြန်ရဖို့ ကြိုးစားမယ် ဆိုရင်တော့ အသက် သွေးချွေး မြောက်မြားစွာကို ရင်းနှီးပေးဆပ်ပြီးမှ ပြန်ရတတ်တာမျိုး ဖြစ်တယ်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထူးမွမ်းမံသင်တန်းအမှတ်စဉ်(၃)၊
အမှုဆောင်များစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၁၅) နှင့်
နိုင်ငံတကာဆက်ဆံရေးသင်တန်း အမှတ်စဉ် (၂) တို့၏
သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြွက်ကြားခဲ့သည့်မိန့်ခွန်းမှ-

# တပ်မတော်၊ အစိုးရနှင့်ပြည်သူ လက်တွဲကြိုးပမ်းမှုကြောင့် လယ်ယာစီးပွားအခြေခံများတည်ဆောက်ပြီးဖြစ် စိုက်ပျိုးမြေတိုးချဲ့ရေး၊ အထွက်နှုန်းမြင့်မားရေး၊ သီးနှံအမယ်သစ်များစိုက်ပျိုးခဲ့၍ ဆန်စပါးပိုလျှံလာ

# စားရေရိက္ခာဖူလုံပြီးနောက် နိုင်ငံတော်နှင့်နိုင်ငံသားများချမ်းသာရေး စက်မှုနိုင်ငံထူထောင်ရမည် တပ်မတော်သိပ္ပံနှင့်နည်းပညာ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရင်း ခေတ်မီနိုင်ငံတော်ဝိုင်းဝန်းတည်ဆောက်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇)သင်တန်းဆင်းပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✡



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇)သင်တန်းဆင်းပွဲသို့ တက်ရောက်မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)

**နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)

# စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းရေး နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်နယ်/တိုင်းများနှင့် နယ်စပ်ဒေသများပါမကျန် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကွဲနိမ့်မြင့် ကွာဟချက်များ အမြန်ဆုံးလျော့နည်းကျဆင်းစေရန် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်၍ အလေးထားဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတစ်ဝန်းရှိ ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

နိုင်ငံတော်၏ နယ်မြေဒေသအားလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်ရာ၌ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ခံယူချက်ဖြင့် အားထုတ်လုပ်ကိုင် ဆောင်ရွက်ခြင်း၊ နိုင်ငံတော်နှင့် ပြည်သူတစ်သားတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ဖွံ့ဖြိုးရေးအခြေခံ အဆောက်အအုံများ အောင်မြင်စွာ ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာလ ၂၂ရက်နေ့က မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမသို့ရောက်ရှိပြီး တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မှာကြားရာ၌–

**“စည်းလုံးခြင်းသည် အောင်မြင်ခြင်းဖြစ်သည်ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများက သက်သေပြနေကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်ကို ဆက်လက်ကာကွယ် တည်ဆောက်ကြရမည် ဖြစ်ကြောင်း”**

လမ်းညွှန်မိန့်ကြားခဲ့သည်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုအသီးအပွင့်များ နိုင်ငံတစ်ဝန်း အစီအရီပေါ်ထွက်လာခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် မျက်ခြည်ပြတ်မခံဘဲ အမြဲတမ်းဦးစားပေးဆောင်ရွက်ခဲ့ကြပြီး တစ်ဖက်ကလည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ဖြစ်ပေါ်ရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်ကို အလေးထား၍ ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအပိုင်းကလည်း ဥပဒေစည်းကမ်းများနှင့်အညီ လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်ကြရန် လိုအပ်သကဲ့သို့ ပြည်သူများကလည်း နိုင်ငံတော်၏ စေတနာနှင့် ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရမည် ဖြစ်ပေသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မကွေးဒေသနှင့် ဧရာဝတီအနောက်ဘက်ခြမ်း ဒေသများသည် ယခင်ခေတ်အဆက်ဆက်က ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့သဖြင့် ယနေ့ကာလတွင် မကွေးနှင့်ပခုက္ကူဒေသတို့ကို နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသများအဖြစ် သတ်မှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ပေးခဲ့၍ မကွေးဒေသနည်းတူ ဒေသအသီးသီးတွင် ဆည်မြောင်းတာတမံများ၊ ရထားလမ်း၊ ကားလမ်း၊ စက်ရုံ၊ အလုပ်ရုံ၊ လေယာဉ်ကွင်းအသစ်များဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်သည်။

နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံတစ်ဝန်းဖွံ့ဖြိုးတိုးတက်မှုများကို လက်တွဲညီညီ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ အချိန်အခါကောင်း၌ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စေရန် နိုင်ငံတော်နှင့်ပြည်သူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက် ရှိကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ကမ္ဘာတစ်ဝန်း၌ အိုင်အိုဒင်းချို့တဲ့သည့်နိုင်ငံအရေအတွက် ထက်ဝက်လျော့ကျသွားပြီဖြစ်ကြောင်း ဒဗလျူအိပ်ချ်အိုကြေညာ

ဂျီနီဗာ ဒီဇင်ဘာ ၂၃

**အိုင်အိုဒင်းဓာတ်ချို့တဲ့မှု အဖြစ်ပွားဆုံးနိုင်ငံအရေအတွက်သည် လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ကထက် ကမ္ဘာတစ်ဝန်း၌ ထက်ဝက်လျော့ကျသွားပြီဖြစ်ကြောင်း၊ သို့ရာတွင် အိုင်အိုဒင်းချို့တဲ့မှုသည် နိုင်ငံအချို့၌ ကျန်းမာရေးကို အဓိကခြိမ်းခြောက်လျက်ပင်ရှိနေသေးကြောင်း ကုလသမဂ္ဂကျန်းမာရေးအဖွဲ့က အင်္ဂါနေ့၌ ပြောကြားသည်။**

အစားအစာများတွင် အိုင်အိုဒင်းဆားအသုံးပြုရေးအားပေးသည့် ကြိုးပမ်းမှု အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း၊ အိုင်အိုဒင်းချို့တဲ့သည့် နိုင်ငံများအရေအတွက်သည် ဆယ်စုနှစ်စောစောပိုင်းက နိုင်ငံပေါင်း ၁၁၀ ရှိရာမှ ၂၀၀၃ ခုနှစ်တွင် ၅၄ နိုင်ငံသာရှိတော့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ၎င်း၏အိုင်အိုဒင်းချို့တဲ့မှုဆိုင်ရာကြေညာချက်၌ ဖော်ပြထားသည်။

သို့ရာတွင် အိုင်အိုဒင်းချို့တဲ့မှုသည် ပြည်သူများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နေဆဲဖြစ်ပြီး အထူးသဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံအချို့ရှိ ကျောင်းမနေမီကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် အဖြစ်များတတ်ကြောင်းသိရသည်။

ကမ္ဘာမြေကြီးတွင် အိုင်အိုဒင်းပါဝင်မှု လျော့နည်းမှုကြောင့် အစားအစာများတွင် အိုင်အိုဒင်းစုစည်းပါဝင်မှု လျော့နည်းကာ ချို့တဲ့မှုဖြစ်ပွားရသည်ဟု ဆိုထားသည်။ အိုင်အိုဒင်း ချို့တဲ့မှုသည် လူ၏ ဇီဝဖြစ်စဉ်ကို အားနည်းစေကြောင်း၊ ပြည်သူများ၏ အသိဉာဏ်ကို ထိခိုက်စေကြောင်း သိရသည်။

အိုင်အိုဒင်းဆားများကို စားသုံးပါ၊ သို့ရာတွင် သွေးတိုးဖြစ်စေနိုင်လောက်အောင် အလွန်အကျွံစားသုံးခြင်းကိုရှောင်ပါဟု ဒဗလျူအိပ်ချ်အိုကျွမ်းကျင်သူများက ပြည်သူများအား တိုက်တွန်းထားသည်။ လူတစ်ဦးလျှင် တစ်နေ့အိုင်အိုဒင်းဆား ငါးဂရမ်စားသုံးသင့်ကြောင်း ၎င်းတို့က အကြံပြုတင်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်း တိုးတက်

ဖနောင်ပင် ဒီဇင်ဘာ ၂၃

**ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုသည် ယမန်နှစ် အလားတူလကထက် ၂၀၀၄ခုနှစ် နိုဝင်ဘာလတွင် သိသိသာသာတိုးတက်လာကြောင်း ကမ္ဘောဒီးယား ခရီးသွားဝန်ကြီးဌာနမှ စာရင်းဇယားများက ဗုဒ္ဓဟူးနေ့၌ ဖော်ပြသည်။**

ကမ္ဘောဒီးယားနိုင်ငံသို့ နိုဝင်ဘာလတွင် လာရောက်သည့် နိုင်ငံခြားသား ခရီးသွားဧည့်သည် အရေအတွက်မှာ ၁၀၈၇၁၉ဦးရှိကြောင်း၊ ယခင်နှစ် နိုဝင်ဘာလက လာရောက်သည့် ခရီးသွားဧည့်သည် အရေအတွက်မှာ ၇၈၃၈၇ဦးဖြစ်ကြောင်း၊ ၃၈ ဒသမ ၇၀ ရာခိုင်နှုန်းတိုးတက်လာကြောင်း အဆိုပါစာရင်းဇယားများ၌ ဖော်ပြထားသည်။

ထိုသို့ ကမ္ဘောဒီးယားနိုင်ငံသို့လာရောက်သည့် ခရီးသွားဧည့်သည်များတွင် တောင်ကိုရီးယားမှ ၁၅၆၂၇ဦး၊ ဂျပန်မှ ၁၃၅၅၃ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၁၀၉၄၆ဦး အများဆုံး လာရောက်ခဲ့ကြသည်။

ကမ္ဘောဒီးယားသို့ လာရောက်သည့် ခရီးသည်အရေအတွက်သည် ၂၀၀၄ခုနှစ်တွင် ၉၀၀၀၀၀ တိုးတက်ခဲ့ကြောင်း၊ ယခင်နှစ်ကထက် ၄၀ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းတိုးတက်ရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# စင်ကာပူဆိပ်ကမ်း သင်္ဘောတင်ပို့မှုလုပ်ငန်း တိုးတက်

စင်ကာပူ ဒီဇင်ဘာ ၂၃

**စင်ကာပူဆိပ်ကမ်း၏ သင်္ဘောတင်ပို့မှုတန်ချိန်သည် ကုန်သေတ္တာသင်္ဘောရောက်ရှိလာမှုနှင့်အတူ အင်္ဂါနေ့က တန်ချိန် တစ်ဘီလီယံကျော်လွန်ခဲ့ကြောင်း သိရသည်။**

**၁၈၅၅နှစ်အတွင်း ပထမဆုံးသော ဘီလီယံတန်ချိန်ပြည့်မြောက်သည့် သင်္ဘောရောက်ရှိခြင်း အောင်ပွဲတစ်ရပ်ဖြစ်ကြောင်း၊ တရုတ်သင်္ဘောတင် ပို့ရေးကုမ္ပဏီစီအိုအက်စ်စီအိုနှင့် စင်ကာပူဆိပ်ကမ်းအာဏာပိုင်အဖွဲ့(ပီအက်စ်အေ)တို့အကြား ပူးပေါင်းဆောင်ရွက်သည့် ရလဒ်တစ်ခုဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီး ရော်ချောတောင်က ပြောကြားသည်။ ယခုနှစ် ပထမ ၁၁ လတွင် စင်ကာပူဆိပ်ကမ်းသည် စုစုပေါင်းကုန်ပစ္စည်းတန်ချိန် ၃၅၇သန်း တင်ပို့ခဲ့ကြောင်း၊ လောင်စာဆီ၊ ဓာတ်ငွေ့နှင့် ဓာတုဗေဒဆိုင်ရာပစ္စည်းတန်ချိန်၃၀၂သန်းပါဆီတင်ယာဉ်၁၆၀၀၀တင်ပို့ခဲ့သည်။** အမ်အင်အေ၊ဆင်ဟွာ




# ဂရင်နေဒါနိုင်ငံသို့ လူသားချင်းစာနာမှု အထောက်အကူပစ္စည်း ၃၄ ဒသမ ၅တန်

## မက္ကဆီကိုနိုင်ငံ ကူညီပေးပို့မည်

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၂၃**

ဂရင်နေဒါနိုင်ငံ၌ အိုင်ဗင်အမည်ရှိ ဟာရီကိန်းမုန်တိုင်း စက်တင်ဘာလအတွင်း၌ တိုက်ခတ်မှုကြောင့် ပျက်စီးသွားမှုများကို ပြန်လည်တည်ဆောက်ရန်အတွက် မက္ကဆီကိုနိုင်ငံက လူသားချင်းစာနာထောက်ထားသော အထောက်အကူပစ္စည်း ၃၄ဒသမ၅တန်ကို ပေးပို့မည်ဖြစ်ကြောင်း မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးဌာနက တနင်္လာနေ့၌ ပြောကြားသည်။

**ထပ်ပေးပို့မည်**

ပထမအသုတ်ကုန်ပစ္စည်းများကို အင်္ဂါနေ့၌ စိန့်ဂျော့လေဆိပ်သို့ပေးပို့မည်ဖြစ်ပြီးလာမည့်ရက်များတွင်နောက်ထပ်သုံးကြိမ်ထပ်မံ ပေးပို့မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

**ပံ့ပိုးပေးမည်**

ဂရင်နေဒါပြည်သူများနှင့် အစိုးရအား စားနပ်ရိက္ခာများနှင့် တည်ဆောက်ရေးပစ္စည်းများ အပါအဝင် လူသားချင်းစာနာသည့် ကယ်ဆယ်ရေးပစ္စည်းများကို အိုင်ဗင်ဟာရီကိန်းမုန်တိုင်း၏ ပျက်စီးမှုများအတွက် ဖြည့်ဆည်းကူညီရန် ပံ့ပိုးပေးမည်ဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အခြေခံပညာကျောင်းဆောင်သစ်များဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ
# ပညာရေးဝန်ကြီး ဦးသန်းအောင် အမှာစကားပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၂၄**

အင်းစိန်မြို့နယ် အမှတ်(၁၀) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီ ၄၅ မိနစ်တွင် အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံ(ပ်) ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်နိုင်ဦး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဟန်စိန်နှင့် ကျောင်းအုပ်ဆရာကြီး ဦးလှချော တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီး ဦးသန်းအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်၊ ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလားတူ အင်းစိန်မြို့နယ် အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီ ၁၀ မိနစ်တွင် အဆိုပါကျောင်း၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန အကြံပေးပုဂ္ဂိုလ် ဗိုလ်မှူးကြီးတင်ထွန်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းကြိုင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ အကြံပေးပုဂ္ဂိုလ် ဗိုလ်မှူးကြီးတင်ထွန်းနှင့် နိုင်ငံ(ပ်) ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက် ဥက္ကဋ္ဌ ဦးကျော်နိုင်ဦးတို့က ကျောင်းဆောင်သစ်များနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအေးကြူသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများထံ အလှူရှင်များက အလှူငွေများနှင့်သင်ကြားရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က ပညာရည်မြင့်မားရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ဒို့ရေးဒို့ရာ ဆိုသည်မှာ

☆ “ဒို့ရေးဒို့ရာ”၊ ဆိုသည်မှာလျှင်
သချောဃန၊ သိလိုလှ၍
ရှင်းပါ့အစ်ကို၊ မင်းကဆိုသည်
ရွှယ်ပျိုနုသစ် နောင့်ညီချစ်။

☆ လွတ်လပ်ခဲ့သည်၊ မြန်မာပြည်တည့်
ကြာရှည်နှစ်နှစ်၊ ကျွန်အဖြစ်သို့
အသစ်တစ်ဖန်၊ ပြန်မရောက်ရေး
ဒို့အရေးတည့်။

☆ ညီညွတ်ခဲ့ပြီ၊ မြန်မာပြည်တည့်
ကြံစည်တွေးဆ၊ ရိုင်းပင်းကြလျက်
မျှဝေခံစား၊ တိုင်းရင်းသားတို့
သူ့အားကိုယ်ခင်၊ ကိုယ့်သူခင်လျက်
ချစ်ခင်ရင်းနှီး၊ သွေးစည်းမပျက်
ချစ်သက်ရှည်ရေး၊ ဒို့အရေးတည့်။

☆ ဖွံ့ဖြိုးခဲ့ပြီ၊ မြန်မာပြည်တည့်
ဤမြေပြင်မှ
မိုးဝတိမ်ဟုန်၊ ထိလုပုံနှယ်
ဆောက်အုံမြင့်မား၊ လွှန်ခံ့ညားလျက်
မြစ်များကွေ့ကောက်၊ တံတားဆောက်၏
တောင်များမြင့်မောက်၊ ဥမင်ဖောက်၏
တည်ဆောက်ခေတ်မီ၊ ငါတို့ပြည်၏
ပန်းချီစုတ်ချက်၊ ဘယ်မပျက်ဘဲ
ဂုဏ်တက်စေရေး၊ ဒို့အရေးတည့်။

☆ အို– ရွှယ်ပျိုနုသစ်၊ နောင့်ညီချစ်
စင်စစ်သေချာ၊ တွေးဆပါသော်
“မြန်မာပြည့်အရေး၊ ဒို့အရေး”တည့်
“မြန်မာပြည့်အရာ၊ ဒို့အရာ”တည့်
မြန်မာတိုင်းသည်၊ မျိုးချစ်ပီ၍
သူ့ဆီမရောက်၊ သူ့အောက်မဝင်
သူ့တွင်မကျို့၊ ဂုဏ်မချို့ဘဲ
“ဒို့ရေးဒို့ရာ” ဆိုသည်မှာ။
အောင်လံလွှင့်၍ ချီတက်ရာ။
ပြည်သူ့အားမာန် ဖြစ်သည်သာ။ ။

**မြင်းမူမောင်နိုင်မိုး**

## (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# နှစ်( ၆၀ )ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန်နှိုးဆော်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် **‘ခေတ်မီဘက်စုံတည်ဆောက်ရေး’**နှင့် **‘ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု’**ဟူ၍ ခေါင်းစဉ်နှစ်မျိုးသတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

**ဆုရရှိမည့်အခွင့်အလမ်းပိုမို**

ပြိုင်ပွဲဝင်ရောင်စုံ ဓာတ်ပုံများကို ၁၀လက်မ x၁၂လက်မနှင့်အထက်အရွယ် Printပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စု သတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

**ထိုက်ထိုက်တန်တန်ချီးမြှင့်မည်**

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂ္ဂတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ Data နှင့် ဓာတ်ပုံအကြောင်းအရာ Caption ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်းပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယ ဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ပါသည်။

**တပ်မတော်နေ့ ဆုချီးမြှင့်မည်**

ရောင်စုံ ဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၅ခုနှစ် မတ်လ ၂၇ ရက်တွင် ကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာတိုင်း တပ်မဌာနချုပ်များတွင် ကျင်းပသော နှစ်(၆၀)ပြည့်တပ်မတော်နေ့အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး(ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂–၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာမှ ကြေညာချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




25-12 (03).p65 1 3/28/05, 8:57 PM





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ ဗိုလ်လောင်းသုံးဦးနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

### တက်ရောက်

အဆိုပါအခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ဌေးဦး၊ ဦးအောင်သောင်း၊ ဗိုလ်ချုပ်စောထွန်း၊ ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်သိန်းဆွေ၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဦးသောင်း၊ ဒေါက်တာကျော်မြင့်၊ ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဗိုလ်မှူးကြီးဇော်မင်း၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြည်ဝင်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်မှူးချုပ်သန်းအောင်၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘ၊ဆွေမျိုးများနှင့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

### ချီတက်အလေးပြု

ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

### ဆုများချီးမြှင့်

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇)မှ အကောင်းဆုံးအင်ဂျင်နီယာဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၉၆၉) ဗိုလ်လောင်းစိုးအာကာထွန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၀၇၂) ဗိုလ်လောင်းလှိုင်ဘွား၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၀၄၃) ဗိုလ်လောင်းမျိုးသက်တို့အား ဆုများအသီးသီးချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားသည်။

**(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

### အားပေးစကားပြောကြား

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်တပ်မတော်နည်းပညာတက္ကသိုလ်ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ ဗိုလ်လောင်းသုံးဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး ဝန်ကြီးဗိုလ်ချုပ်မောင်ဦး ကြည့်ရှုစစ်ဆေးမှာကြား

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဒုတိယရဲချုပ် ဗိုလ်မှူးကြီးဇော်ဝင်း လိုက်ပါလျက် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးသို့ ရောက်ရှိလာရာ သတင်းတပ်ဖွဲ့ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ဝန်ကြီးသည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ တပ်ဖွဲ့ဝင်များအား တွေ့ဆုံပြီး မြန်မာနိုင်ငံကူးလက်မှတ် လက်မှတ်ထုတ်ပေးမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံကူးလက်မှတ်များ အမြန်ရရှိရေး၊ လျှောက်ထားသူများ စိတ်ချမ်းမြေ့စေရေး ဆောင်ရွက်ပေးရန်မှာကြားသည်။**(အောက်ပုံ)** ထို့နောက် ဝန်ကြီးသည် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





## ရခိုင်သဟာယအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ထူးချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းဝင်လိုသူများ၊ ပညာသင်ဆုရ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် ကန်တော့ခံပုဂ္ဂိုလ်များ၊ ဆုယူမည့်သူများသတ်မှတ်ရက်အတွင်း အထောက်အထားတင်ပြပြီး စာရင်းပေးကြရမည်ဖြစ်သည်။

### စာရင်းပေးနိုင်

သက်ကြီးပူဇော်ပွဲတွင် အသက်(၇၅)နှစ်အထက် အသင်းဝင်များ၊ ၂၀၀၃–၂၀၀၄နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရအသင်းဝင်များ၏သား၊ သမီး၊မြေးများနှင့် ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ၊ အမျိုးသားစာပေဆုနှင့် နိုင်ငံတကာအားကစား၊ ပန်းချီ၊ အနုပညာပြိုင်ပွဲများတွင် ဆုရရှိသူများ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၄ ရက် နောက်ဆုံးထား၍ ဦးကျော်ဇံလှ ဖုန်း–၅၅၆၂၂၁၊ ဦးရွှေလှဖြူ ဖုန်း–၆၆၂၃၇၁ နှင့် နီးရာအသင်းအမှုဆောင်များထံ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

**(က–ပ)**

## မြဝတီရုပ်မြင်သံကြား

**၂၅–၁၂–၂၀၀၄**
**(စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"တဏှာသခ်ယသုတ်"**

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Major Legal Systems (ပထမနှစ်) ဥပဒေပညာအထူးပြု
၅း၂၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"** (အပိုင်း–၂၇)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း–၂၉)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

**၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလအတွက်**
**နောက်ဆုံးပတ်(တနင်္ဂနွေနေ့)၂၆–၁၂–၂၀၀၄ရက်နေ့**
**၂၀၀၅ခုနှစ်၊ဇန်နဝါရီလအတွက်**
**(၉–၁–၂၀၀၅)ရက်နေ့နှင့် (၃၀–၁–၂၀၀၅)ရက်နေ့**

# အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုသတ်မှတ်ပြီး တစ်နိုင်ငံလုံး ဖြန့်ကြက်ဆောင်ရွက်လျက်ရှိ တိုင်းရင်းသားအားလုံး ကိုယ့်ဒေသမှာ သိပ္ပံနှင့်နည်းပညာကို သင်ယူနိုင်ကြပြီ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ကမ္ဘာ့အင်အားကြီး နိုင်ငံတွေဟာ ကိုယ်ကျိုးပဓာနဝါဒကို တရားသေဆုပ်ကိုင်ပြီး ကမ္ဘာကို လွှမ်းမိုးချုပ်ကိုင်ဖို့ ကြိုးပမ်းနေကြတဲ့အချက်ကို သက်သေခံလျက်ရှိတယ်။

**ရဲဘော်တို့-**

တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးတာနဲ့တစ်ပြိုင်နက် အမျိုးသား စည်းလုံးညီညွတ်မှုဟာ ဆိုးဆိုးရွားရွား ပျက်ပြားသွားပြီး နိုင်ငံတော် အေးချမ်းသာယာမှု ကင်းမဲ့သွားခဲ့ရတယ်။ စိုက်ပျိုးရေးကိုအခြေခံတဲ့ မြန်မာ့စီးပွားရေးဟာလဲ တိုးပွားလာတဲ့ လူဦးရေအတွက် လုံလောက်ခြင်းမရှိတော့တဲ့ အခြေအနေကိုရောက်ရှိသွားခဲ့တယ်။ အခြားနိုင်ငံတွေဟာ စက်မှုစီးပွားရေးဘဝကို ရရှိနေကြပြီး ဖြစ်ပေမယ့် တို့နိုင်ငံအနေနဲ့တော့ အရင်းအနှီးလက်မဲ့ဖြစ်ပြီး လမ်းစပျောက်ကာ ခေတ်နောက်မှာ ကျန်ရစ်ခဲ့တယ်။ နောက်ဆုံးမှာတော့ စီးပွားရေးကြောင့် နိုင်ငံရေးဟာ ထိန်းမနိုင်သိမ်းမရအဖြစ်မျိုးကို ရောက်ခဲ့ရ ရတာပဲဖြစ်တယ်။

ဒါကြောင့် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားသော စီးပွားရေးကဏ္ဍများကိုလဲ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုတဲ့ စီးပွားရေး ဦးတည်ချက်ကို ကနဦး ချမှတ်လုပ်ဆောင်ခဲ့ရတယ်။ တပ်မတော်၊ အစိုးရနဲ့ ပြည်သူတို့ လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့တာကြောင့် ယနေ့ဆိုရင် လယ်ယာစီးပွားအတွက် အခြေခံအဆောက်အအုံတွေဟာ လိုအပ်တဲ့ နေရာတိုင်းမှာ အစုလိုက်အဖွဲ့လိုက် တည်ဆောက်ပြီးဖြစ်တယ်။ နောင်ကိုလဲ ဆက်လက်တည်ဆောက်သွားဦးမှာဖြစ်တယ်။ စိုက်ပျိုးမြေတိုးချဲ့ရေး၊ အထွက်နှုန်း မြင့်မားရေး၊ သီးနှံအမယ်သစ်များ စိုက်ပျိုးရေးတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ရာမှာ ယနေ့ဆိုရင် ဆန်စပါးဟာပိုလျှံလာတဲ့ အခြေအနေကို ရရှိခဲ့ပြီဖြစ်တယ်။

**ရဲဘော်တို့-**

နိုင်ငံတစ်နိုင်ငံမှာ စားရေရိက္ခာ ဖူလုံပြီးတဲ့နောက် နိုင်ငံတော်နဲ့ နိုင်ငံသားတွေ ချမ်းသာဖို့အတွက် စက်မှုနိုင်ငံကို ထူထောင်ရမှာဖြစ်တယ်။ စက်မှုနိုင်ငံထူထောင်ဖို့အတွက် အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ်တွေ အများကြီး လိုအပ်တယ်။ ဒါကြောင့် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုကို သတ်မှတ်ပြီး တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လူသားစွမ်းရည်မြင့်မားရေးကို ဖြန့်ကြက်ဆောင်ရွက်လျက်ရှိတယ်။ ဖွံ့ဖြိုးမှု ကွက်လပ်မကျန်ရစေဖို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကိုလဲ ချိတ်ဆက်ဆောင်ရွက်လျက်ရှိတယ်။ ယခုအခါ



☆ ရှေ့ဖုံးမှ

**ရဲဘော်တို့-**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲအခမ်းအနားမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာ ဖြစ်တယ်။

ရဲဘော်တို့ကို နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် အတတ်ပညာရှင်သားကောင်းရတနာများဖြစ်အောင် တပ်မတော်နည်းပညာတက္ကသိုလ်က ပြုစုပျိုးထောင်လေ့ကျင့်ပေးခဲ့ပြီး ဖြစ်တယ်။ ဒါကြောင့် ယနေ့ဆိုရင် ရဲဘော်တို့ဟာ လေ့ကျင့်ရေးနယ်ပယ်ကနေ လက်တွေ့နယ်ပယ်ကို ကူးပြောင်းပြီး စစ်ဘက်အင်ဂျင်နီယာ ခေါင်းဆောင်ငယ်များအဖြစ် စတင် တာဝန်ထမ်းဆောင်ကြရတော့မှာ ဖြစ်တယ်။

**ရဲဘော်တို့-**

၂၁ ရာစုဟာ သိပ္ပံနဲ့နည်းပညာထွန်းကားမှု မြန်ဆန်တဲ့ခေတ်ဖြစ်တယ်။ သိပ္ပံနဲ့နည်းပညာတိုးတက်မှုဟာ အခြားနယ်ပယ်တွေထက်စာရင် စစ်သုံးပစ္စည်းဆိုင်ရာဘက်မှာ ပိုမိုစမ်းသပ်တီထွင်နေကြတာကို တွေ့ရတယ်။ ဒါဟာဆိုရင် နိုင်ငံတော်ဟာ ထိန်းမနိုင်သိမ်းမရ အခြေအနေဆိုးကြီးထဲကို ရောက်ရှိသွားတာကြောင့်လဲ တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူလိုက်ရတာ ဖြစ်တယ်။ တပ်မတော်က နိုင်ငံတော်ရဲ့ အရင်းအနှီးမဲ့ဖြစ်နေတဲ့ စီးပွားရေးကို ပြန်လည်ထူထောင်ရာမှာ ရိုးရင်းစွဲလယ်ယာကိုပဲ အခြေခံရတယ်။

တို့တိုင်းရင်းသား အားလုံးဟာ ကိုယ့်ဒေသမှာကိုယ် သိပ္ပံနဲ့နည်းပညာကို သင်ယူနိုင်ကြပြီဖြစ်တယ်။

ဒါ့အပြင် စက်မှုထွန်းကားရေးအတွက် အထူးလိုအပ်တဲ့ လျှပ်စစ်စွမ်းအင် တိုးမြှင့်ထုတ်လုပ်ရေးကိုလဲ ***စာမျက်နှာ ၆ ကော်လံ ၁ သို့***



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၇) သင်တန်းဆင်းပွဲသို့ တက်ရောက်ကြစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

**၂၅-၁၂-၂၀၀၄(စနေနေ့)**
**၁၃၆၆ ခုနှစ် နတ်တော်လဆန်း ၁၄ ရက် (အဖိတ်နေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅။ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ချောင်းမကြီး(မြို့လှ)ရေလှောင်တမံ(ပဲခူးတိုင်း)
- ၈:၁၀ ၆။ တေးဂီတအစီအစဉ်
- ၈:၃၀ ၇။ International News
- ၈:၄၅ ၉။ Grammar made Easy

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာအရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၃:၁၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** အပိုင်း(၅၄)
- ၁၃:၅၅ ၇။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
- ၁၄:၀၅ ၈။ **"ချစ်သောရေ ချစ်သောမြေ"** (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၄:၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၃၅ ၁၀။ ပိုင်ကျုံရေထိန်းတံခါး
- ၁၄:၄၅ ၁၁။ International News

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
- ၁၇:၁၅ ၆။ **(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်**
- ၁၇:၃၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၁၇:၄၀ ၈။ အတီးပြိုင်ပွဲ
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
- ၁၇:၅၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၈:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Discovery
- ၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၄၃)
- ၁၉:၄၀ ၁၆။ **အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရှေးရှု "သမိုင်းမော်ကွန်း ထွန်းသစ်ဝေဖြာ ပြည်မြန်မာ"**
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၄)



*စာမျက်နှာ ၅ မှ*

ဦးစားပေးပြီး ကြိုးပမ်းတည်ဆောက်နေပြီဖြစ်တယ်။ ဒီလိုအခြေအနေမျိုးမှာ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ သိပ္ပံနဲ့နည်းပညာအခန်းကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရင်း တစ်ဖက်က ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကြရမယ့် လူသားအရင်းအမြစ်များဖြစ်ကြတယ်။ ဒါကြောင့် ရဲဘော်တို့ဟာ **အရပ်ရှိမှ အရိပ်ထွက်တယ်**ဆိုတဲ့စကားအတိုင်း ပင်ကိုအရည်အချင်း မြင့်မားအောင် ကြိုးစားကြမှ တို့နိုင်ငံကို စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာမှာ မြန်ဆန်စွာ တိုးတက်ဖြစ်ထွန်းမှာဖြစ်ကြောင်း ပြောကြားလိုတယ်။



**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသူများကိုတွေ့ရစဉ်။** (သတင်းစဉ်)

**ရဲဘော်တို့-**

ယနေ့ကာလမှာ သိပ္ပံနဲ့နည်းပညာဆိုင်ရာ အသစ်တွေ့ရှိချက်တွေဟာ အလွန်လျင်မြန်စွာ ပေါ်ပေါက်နေတာကြောင့် တီထွင်မှုတစ်ရပ်ဟာ ဆန်းသစ်တဲ့အနေအထားမှာ ခေတ္တခဏသာရှိနိုင်ပြီး အသစ်ထပ်မံတွေ့ရှိချက်ရဲ့ တွန်းထိုးဖယ်ရှားမှုကို အချိန်တိုအတွင်းမှာပဲ ရင်ဆိုင်ရတာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ အချိန်နဲ့အမျှ လေ့လာဆည်းပူးကြရမယ်။ ဒါ့အပြင် ပထမဦးစွာ **ပညာဗဟုသုတကို စုဆောင်း**ရမယ်။ ဒုတိယအားဖြင့် **အတုမြင် အတတ်သင်**ဆိုသလို စမ်းသပ်လုပ်ကိုင်ကြည့်ရမယ်။ တတိယအားဖြင့် **ကိုယ်ပိုင်တီထွင်မှု**ကို ပြုကြရမယ်။

တီထွင်မှုမှတ်တိုင်စိုက်ထူနိုင်ခဲ့တဲ့ သိပ္ပံပညာရှင်ကြီးတွေဟာ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားကြတာကိုတွေ့ရလိမ့်မယ်။ အံ့သြဘနန်း တီထွင်မှုတွေဟာ ခွန်အားကြောင့်ရရှိတာထက် ဇွဲ၊လုံ့လနဲ့သာ ရရှိခဲ့ကြတာ ဖြစ်တာကြောင့် ရဲဘော်တို့ဟာ မြန်မာနိုင်ငံရဲ့သိပ္ပံနဲ့နည်းပညာအတွက် ဇွဲ၊သတ္တိကြီးမားကြဖို့ တိုက်တွန်းလိုက်ပါတယ်။

**ရဲဘော်တို့-**

ရဲဘော်တို့ကို စစ်ပညာနဲ့ပတ်သက်လို့ ခြေလျင်တပ်စုမှူးတစ်ဦးတတ်အပ်တဲ့ စစ်ပညာနဲ့ ခေါင်းဆောင်မှုပညာရပ်များကိုပါ လေ့ကျင့်သင်ကြားပေးထားပြီးဖြစ်တယ်။ ရဲဘော်တို့ဟာ နိုင်ငံတော်ကာကွယ်ရေးအတွက် ခြေလျင်တိုက်ပွဲများကိုဆင်နွှဲနိုင်သူများဖြစ်တယ်။ ဒါကြောင့် စစ်သွေးစစ်မာန်ရှိရမယ်။ တိုက်လိုခိုက်လိုစိတ်ရှိရမယ်။ စွန့်လွှတ်စွန့်စားလိုစိတ်ရှိရမယ်။ ခေါင်းဆောင်မှုအင်္ဂါရပ်များနဲ့လဲ ညီညွတ်ကြရမယ်။ ဒါ့အပြင် တပ်မတော်ရဲ့ မှန်မြတ်တဲ့အစဉ်အလာ(၁၂)ရပ်ကို အသက်နဲ့ထပ်တူစောင့်ထိန်းမယ်ဆိုတဲ့ **တပ်မတော်သားကောင်းစိတ်ဓာတ်**လဲရှိကြရမယ်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်း ဗိုလ်လောင်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။**
(သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲတွင် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းမျိုးသက်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**ရဲဘော်တို့-**

နိဂုံးအားဖြင့် မှာကြားရရင် တပ်မတော်နည်းပညာတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်များနဲ့အညီ-

- **နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် အတတ်ပညာရှင် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းကြပါ။**
- **တပ်မတော်ရဲ့ သိပ္ပံနဲ့နည်းပညာ တိုးတက်မြင့်မားစေရန်နဲ့ ခေတ်မီတပ်မတော်တည်ဆောက်နိုင်အောင် အားထုတ်လုပ်ကိုင်ကြပါ။**
- **တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို အသက်ပေးစောင့်ထိန်းမယ့် မျိုးဆက်သစ်ခေါင်းဆောင်များဖြစ်အောင် ကျင့်ကြံဆောင်ရွက်ကြပါ။**
- **တပ်မတော်ရဲ့ သိပ္ပံနဲ့နည်းပညာအခန်းကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကြပါ** လို့

မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

**(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များတပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲသို့ တက်ရောက်ကြစဉ်။**
(သတင်းစဉ်)

## စက်မှုနိုင်ငံတည်ထောင်

**အရပ်ရှိမှ အရိပ်ထွက်တယ်ဆိုသည့် စကားအတိုင်း ပင်ကိုအရည်အချင်း မြင့်မားအောင် ကြိုးစားကြမှ တို့နိုင်ငံကို စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာမှာ မြန်ဆန်စွာ တိုးတက်ဖြစ်ထွန်းမည်။**

# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖြစ်ထွန်းလာသည့် ပေ ၁၈၀ အထက် တံတားကြီးများ

| စဉ် | ပြည်နယ်/တိုင်း | အရေအတွက် |
|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁၁ |
| ၂ | ကရင်ပြည်နယ် | ၆ |
| ၃ | ချင်းပြည်နယ် | ၂ |
| ၄ | စစ်ကိုင်းတိုင်း | ၁၉ |
| ၅ | တနင်္သာရီတိုင်း | ၈ |
| ၆ | ပဲခူးတိုင်း | ၁၆ |
| ၇ | မကွေးတိုင်း | ၁၄ |
| ၈ | မန္တလေးတိုင်း | ၇ |
| ၉ | မွန်ပြည်နယ် | ၂ |
| ၁၀ | ရခိုင်ပြည်နယ် | ၃၁ |
| ၁၁ | ရန်ကုန်တိုင်း | ၂၄ |
| ၁၂ | ရှမ်းပြည်နယ် | ၁၀ |
| ၁၃ | ဧရာဝတီတိုင်း | ၄၀ |
| | စုစုပေါင်း | ၁၉၀ |

မှတ်ချက်။ တပ်မတော်အင်ဂျင်နီယာက တည်ဆောက်ခဲ့သည့်တံတား ၇စင်းနှင့် မြန်မာ့မီးရထားက တည်ဆောက်ခဲ့သည့်တံတား ၆စင်း အပါအဝင် စုစုပေါင်းတံတား အစင်း ၁၉၀ဖြစ်ပါသည်။



ဧရာဝတီတိုင်း ပုသိမ်မြို့နယ်တွင် အရှည်ပေ ၂၁၄၀ ရှိပြီး ငဝန်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော ပုသိမ်တံတား၏အလှကို မြစ်အနောက်ဘက်ကမ်းမှ ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ရခိုင် ပြည်နယ် ရမ်းဗြဲ မြို့နယ် ရန်ကုန်–ကျောက်ဖြူ ကားလမ်းမကြီးပေါ်ရှိ တံတား အရှည် ၁၁၅၄ ပေ ရှိ လုံးတော်ပေါက် တံတားကို ဤသို့ ခံ့ညား ထည်ဝါစွာ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)



မကြာမီ ဖွင့်လှစ်မည့် မွန်ပြည်နယ် မော်လမြိုင် မြို့နယ်တွင် မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် အရှည်ဆုံးတံတားကြီးဖြစ်သည့် အရှည် ပေ ၁၁၅၇၅ပေရှိ သံလွင်တံတား (မော်လမြိုင်)ကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)



"လွတ်လပ်ရေး" ဟူသည် နိုင်ငံတိုင်း၏ အထွတ်အမြတ်၊ ဦးစွန်းရတနာပင်ဖြစ်သည်။ နိုင်ငံတစ်ခုတွင် ပေါက်ဖွားနေထိုင်ကြသော နိုင်ငံသားပြည်သူများသည် ဘိုးဘွားအမွေဟု ဆိုအပ်သည့် နိုင်ငံမြေမှ သယံဇာတ၊ ဓနဥစ္စာများကို အတူတကွ ထုတ်ယူဝေမျှ ခံစားနိုင်ကြသည်။ မိမိတို့နိုင်ငံ စည်ပင်ဝပြော၊ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံမြေ၏ ရေ၊ မြေ၊ သဘာဝသယံဇာတများကို အရင်းအနှီးပြုကာ မိမိတို့နိုင်ငံသားပြည်သူများ၏ စုစည်းကြံ့ခိုင်သော ကာယ၊ ဉာဏ၊ အသိ၊ အတတ်ပညာများဖြင့် အားထုတ် ကြိုးပမ်းရသည်။



# လွတ်လပ်ရေးဟူသည် တန်ဖိုးမဖြတ်နိုင်သော အမျိုးသားအမြုတေ

တက္ကသိုလ်မြတ်သူ

**"လွတ်လပ်ရေး"** ဟူသည် နိုင်ငံတိုင်း၏ အထွတ်အမြတ်၊ ဦးစွန်းရတနာပင်ဖြစ်သည်။ နိုင်ငံတစ်ခုတွင် ပေါက်ဖွားနေထိုင်ကြသော နိုင်ငံသားပြည်သူများသည် ဘိုးဘွားအမွေဟုဆိုအပ်သည့် နိုင်ငံမြေမှ သယံဇာတ၊ ဓနဥစ္စာများကို အတူတကွ ထုတ်ယူဝေမျှ ခံစားနိုင်ကြသည်။ မိမိတို့နိုင်ငံ စည်ပင်ဝပြော၊ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံမြေ၏ ရေ၊ မြေ၊ သဘာဝသယံဇာတများကို အရင်းအနှီးပြုကာ မိမိတို့နိုင်ငံသားပြည်သူများ၏ စုစည်းကြံ့ခိုင်သော ကာယ၊ ဉာဏ၊ အသိ၊ အတတ်ပညာများဖြင့် အားထုတ် ကြိုးပမ်းရသည်။

ရှေးခေတ် အခါအခါအားဖြင့် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် (ဝါ) ကိုယ့်မင်းကိုယ့်ချင်း နေနိုင်ခြင်း၊ ယနေ့ကာလ အခါအခါအားဖြင့် လွတ်လပ်ရေး အပြည့်အဝဖြင့် နေနိုင်ခြင်းတို့သည် နိုင်ငံတိုင်း၊ လူမျိုးတိုင်း၏ အခြေခံ ပိုင်ဆိုင်ခွင့်ပင်ဖြစ်သည်။ နိုင်ငံတစ်ခုတွင် လူမျိုးတစ်မျိုးတည်း ပေါက်ဖွား ရှင်သန်နေထိုင်သည်ဖြစ်စေ၊ လူမျိုးနွယ်စု (ဝါ) တိုင်းရင်းသား လူမျိုးအများအပြား ပေါက်ဖွားရှင်သန် နေထိုင်သည်ဖြစ်စေ အားလုံးသည် အကြင်နိုင်ငံ၏ နိုင်ငံသားပြည်သူများ ဖြစ်ပေသည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေ သိပ္ပံပညာရှင်များ၊ နိုင်ငံရေး သိပ္ပံပညာရှင်များက နိုင်ငံတစ်ခု၏ ဥပဓိရုပ်ကို ဤသို့သတ်မှတ်ကြသည်။ (၁) နိုင်ငံနယ်မြေ(ဝါ) နယ်နိမိတ် (Territory) ရှိရမည်၊ (၂) နိုင်ငံသား ပြည်သူလူထု လူဦးရေ (Population) ရှိရမည်၊ (၃) နိုင်ငံ၏ အရေးအရာများစီမံခန့်ခွဲရသည့်အစိုးရ (Government) ရှိရမည်၊ (၄) ယင်းနိုင်ငံနှင့် နိုင်ငံသားများ သည် အချုပ်အခြာအာဏာ (Sovereignty) ပိုင်ဆိုင်ရမည် ဖြစ်သည်။

နိုင်ငံသားများ လွတ်လပ်စွာနေထိုင်ရမည့် နိုင်ငံမြေ ရှိနေရမည်။ ယင်းမြေ၌ လူသား(ဝါ) နိုင်ငံသားများရှိနေရမည်။ ယင်းနိုင်ငံသားများ လုံခြုံ၊ အေးချမ်းသာယာဝပြောနေစေရန် စီမံခန့်ခွဲပေးမည့် အုပ်ချုပ်ရေးအာဏာရပ် (ဝါ) အစိုးရရှိရမည်။ ယင်းနိုင်ငံသည် တိုင်းတစ်ပါး (နိုင်ငံခြားသား) လက်အောက်ကျရောက် ကျွန်ပြုခံမနေရဘဲ လွတ်လပ်သော လူမျိုးများ ဖြစ်နေရမည်ဟု ဆိုလိုပေသည်။

နိုင်ငံတစ်ခုပေါ်တွင် ပေါက်ဖွားရှင်သန်နေထိုင်သော နိုင်ငံသားများသည် လူမျိုးတစ်မျိုးတည်း ရှိနေလျှင်ဖြစ်စေ၊ လူမျိုးအများ ရှိနေလျှင်ဖြစ်စေ အားလုံးသည် ဥပဒေအရ နိုင်ငံသားများ၊ ပြည်သူများပင်ဖြစ်သည်။ သုတေသီပညာရှင်တို့ သုံးသပ်ဆုံးဖြတ်ချမှတ်ချက်များအရ အမျိုးတူ၊အသွင်တူ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ထုံးဓလေ့၊ အသားအရောင်တူ၊ မိဘ၊ညီအစ်ကို မောင်နှမ၊ သားသမီးများ ပါဝင်သော အိမ်ထောင်ကို မိသားစု (Family) ဟုခေါ်ကြသည်။

အမျိုးအစားတူ မိသားစုများ စုစုစည်းစည်း နေထိုင်မိသောအခါ ဆွေမျိုးစု (Clan) အသွင်ဆောင်လာကြသည်။ အမျိုးအစားတူ၊ ဆွေမျိုးစုများ အများအပြား စုဝေးနေထိုင်သောအခါ လူမျိုးနွယ်စု (Tribe) များ ဖြစ်လာသည်။ အမျိုးအစားတူ လူမျိုးနွယ်စုများသည် လူမျိုးစု (Minority)၊ တိုင်းရင်းသားလူမျိုး (Nationality) ဟူ၍ဖြစ်လာသည်။ ထိုသို့သော တိုင်းရင်းသား လူမျိုးနွယ်စု အများအပြားအား စုစည်းမိသောအခါ လူမျိုး၊ အမျိုးသား(တလုံးတစည်းတည်းသောနိုင်ငံသား) (Nation) ဟူ၍ ဖြစ်လာသည်ဟု မှတ်သားရပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံဥပဓိရုပ် အင်္ဂါရပ်လေးမျိုး (၁) နိုင်ငံပိုင်နက်၊ (၂) နိုင်ငံသားပြည်သူ၊ (၃) အစိုးရအဖွဲ့၊ (၄) လွတ်လပ်ခြင်းတို့ဖြင့် ပြည့်စုံသည်။ ကမ္ဘာတွင် မြန်မာတို့၏ မြန်မာနိုင်ငံဟု ဝင့်ကြွားစွာ ရပ်တည်နိုင်သည့် အင်္ဂါပြည့်နိုင်ငံ ဖြစ်သည်။ နိုင်ငံသား ပြည်သူများမှာ တိုင်းရင်းသားလူမျိုး တစ်ရာကျော် စုစည်းနေထိုင်ကြသည့်အခါ (Nation)အဖြစ် မြန်မာဟုခေါ်သော လူမျိုးဖြစ်လာသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုဝေးနေထိုင်ရာ မိသားစု အိမ်ဂေဟာကြီး ဖြစ်သည်နှင့်အညီ တစ်ပြည်ထောင်ပုံစံ (Unitary) ဖြင့် မတည်ဆောက်၊ ပြည်ထောင်စုပုံစံဖြင့် တည်ဆောက်သည်။ ထို့ကြောင့် နိုင်ငံရေးအနှစ်သာရဖြင့် ပြည့်ဝသော ပြည်ထောင်စုကြီးဖြစ်သည်။

မြန်မာတို့၏ ဇာတိပုည ဂုဏ်မာနကလည်း တံခွန်ထူလောက်ပေသည်။ လွန်ခဲ့သည့် နှစ်ပေါင်း သန်းလေးဆယ်ကတည်းက ဤမြေတည်ရှိခဲ့ကာ ဤမြေပေါ်၌ လူတူပရိုင်းမိတ် ရုပ်ကြွင်းများရှိနေခဲ့သည်ကို ပုံတောင်ပုံညာဒေသ ရှာဖွေတွေ့ရှိမှုက အခိုင်အမာပြုနေပေသည်။ ယခင် အာဖရိက မြောက်ပိုင်း(အီဂျစ်)တွင် တွေ့ရှိရသော လူတူပရိုင်းမိတ်ရုပ်ကြွင်းအရ ကမ္ဘာ့လူသားအစ အီဂျစ်က၊ ကမ္ဘာ့လူသားသက်တမ်း နှစ်ပေါင်း သန်းသုံးဆယ်ကျော်ပြီဟု ဂုဏ်ယူခဲ့ကြသည်။ ယခုပုံတောင်ပုံညာ ရုပ်ကြွင်းများအရ ကမ္ဘာ့လူသားအစ မြန်မာက၊ ကမ္ဘာ့လူသားသက်တမ်းနှစ် သန်းလေးဆယ်ရှိပြီဟု မြန်မာတို့ ဂုဏ်ယူဝင့်ကြွားလာနိုင်ပေပြီ။

တောင်ကြီးခရိုင် ရွာငံမြို့နယ် ပြဒါးလင်းဂူစုမှတွေ့ရှိချက်၊ ရောဝတီ မြစ်ဝှမ်းတစ်လျှောက် တွေ့ရှိချက်အရ ဤမြန်မာ့မြေတွင် ကျောက်ခေတ် လူသားများဖြစ်ထွန်းနေကြောင်း ထင်ရှားခဲ့ပြန်သည်။ တကောင်း၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း ပျူခေတ်များ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ မြင်စိုင်း၊ ညောင်ရမ်း၊ တောင်ငူ၊ ကုန်းဘောင်၊ ရတနာပုံခေတ် အဆက်ဆက် ရှေးရှေးမြန်မာတို့ တည်ဆောက်ခဲ့သော စာပေ၊ ဂီတ၊ ပန်းဆယ်မျိုး အနုပညာရပ်များ၊ ဗိသုကာအတတ် စသည့် ယဉ်ကျေးမှု အစဉ်အလာသမိုင်းကလည်း တောက်ပြောင်လွန်းခဲ့သည်။

မြန်မာတို့တွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့မှ သဘာဝရေအရင်းအမြစ်၊ လူလုပ် ဆည်တမံများနှင့် မုတ်သုံမိုးတို့မှ စိုက်ရေ၊ သုံးရေရသည်။ စိုက်ပျိုးနိုင်သော လယ်ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံမြေဧက သန်းပေါင်းလေးဆယ်ကျော်ရှိသည်။ ရွှေ၊ ငွေ၊ ကြေး၊ သွပ်၊ သံ၊ ရေနံ၊ သဘာဝဓာတ်ငွေ့ စသည့် သဘာဝသယံဇာတများ၊ ကမ္ဘာ့အကြီးဆုံး စံချိန်တင် ပတ္တမြား၊

ဇာတ၊ ဓနဥစ္စာမျာ...
ခဲ့ရဖူးသည်။ ၁၈၈၅...
စုံက ခုခံတွန်းလှန်...
ချွေးရင်းခဲ့ကြရ၏။...
ထွက်ကုန်၊ သယံ...
ထို့ကြောင့်လည်း အ...
များ၏ လွတ်လပ်...
၁၉၄၈ ခုနှစ် ဇန်...
နိုင်ငံတစ်ခု၏ ဥပဓိ...

လွတ်လပ်...
ဖြစ်သည်။ အချုပ်...
၏ လွတ်လပ်ခွင့်...
(၁) ဥပဒေပြုရေးအာ...
(Administrativ...
Power ) တို့ ဖြစ်...
တို့ကို ဖော်ဆောင်နို...
တိုင်းတစ်ပါးသားမှ...
တိုင်းတစ်ပါးသား...
ခံရ၏။ ထို့ကြောင့်...
**ဟူသည် မည်သို့...**
**မခံနိုင်သောအရာ၊...**
**မြန်သလောက်၊...**

တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့သည့် ဝက်ထီးကန်တိုက်ပွဲမြင်ကွင်း။



# လွတ်လပ်ရေး...
# မြတ်နိုး...
# အသက်တမျှ...
# တန်ဖိုးထား...



# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

**မြန်မာ့လွတ်လပ်ရေးနှင့် ပိုင်နက် နယ်မြေကို ထိပါးလာသော နယ်ချဲ့ ကျူးကျော်သူများကို ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ဘေးဘိုး စဉ်ဆက် အတူတကွ နေလာခဲ့ကြ သည့် မြန်မာတိုင်းရင်းသား ပြည်သူ တစ်ရပ်လုံးက သူ့ကျွန်အဖြစ် နှံ့နစ် မခံဘဲ ဤသို့ ရဲရဲဝံ့ဝံ့ တွန်းလှန်တိုက်ခိုက် ခဲ့ကြသည်။**

# ...းသားအမြုတေရတနာ

## ...လ်မြတ်သူ

နီလာ၊ ဂေါ်ကြိုး၊ ပုလဲ၊ ကျောက်စိမ်း ကြီးများသည် မြန်မာတို့၏ အမျိုးသား ပိုင် ရတနာများဖြစ်သည်။

ဤသို့ ပြည့်စုံကြွယ်ဝ၍ ဓာတိ ပုည ဂုဏ်မာနပြည့်စုံသော မြန်မာ နိုင်ငံသည် ကမ္ဘာတစ်ခွင်အရင်းရှင် နယ်ချဲ့တို့ သူတစ်ပါး ရေမြေ၊ သယံ ဇာတ၊ ခနဥစ္စာများ လုယက်ယူငင်သည့် နယ်ချဲ့အစဉ်အတွင်း ကျရောက် ခဲ့ရဖူးသည်။ ၁၈၈၅ ခုနှစ်တွင် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရစဉ် တိုင်းရင်းသား စုံက ခုခံတွန်းလှန်ကြ၏။ လွတ်လပ်ရေး ပြန်လည်ရယူရန် အသက်၊ သွေး၊ ချွေးရင်းခဲ့ကြရ၏။ နယ်ချဲ့အုပ်စိုးမှု ကာလ (ရာစုနှစ်တစ်ခုသာသာ) မြန်မာ့ ထွက်ကုန်၊ သယံဇာတ၊ ခနဥစ္စာ မှန်သမျှ သွေးစုပ် ခြယ်လှယ်ခံခဲ့ရ၏။ ထို့ကြောင့်လည်း အမျိုးသားရေး အင်အားစုဖြစ်သည့် တိုင်းရင်းသား ပြည်သူ များ၏ လွတ်လပ်ရေး ကြိုးပမ်းမှု အစဉ်ကြီး သမိုင်းတင်နိုင်ခဲ့ခြင်း ဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံသည် နိုင်ငံတစ်ခု၏ ဥပဓိရုပ်အင်္ဂါလေးရပ်နှင့် ပြန်လည်ညီညွတ်ပြည့်စုံလာခဲ့သည်။

လွတ်လပ်ရေးဟူသည် အချုပ်အခြာအာဏာရပ်ကြီး၏ သင်္ကေတ ဖြစ်သည်။ အချုပ်အခြာအာဏာဟူသည် နိုင်ငံသားများနှင့် နိုင်ငံတော်ကြီး ၏ လွတ်လပ်ခွင့်ပင်ဖြစ်သည်။ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာကား (၁) ဥပဒေပြုရေးအာဏာ (Legislative Power)၊ (၂) အုပ်ချုပ်ရေးအာဏာ (Administrative Power)၊ (၃) တရားစီရင်ရေးအာဏာ (Judicial Power ) တို့ ဖြစ်သည်။ မိမိနိုင်ငံ လုံခြုံအေးချမ်း၊ ဖွံ့ဖြိုး သာယာဝပြောရေး တို့ကို ဖော်ဆောင်နိုင်သော အာဏာရပ်များဖြစ်သည်။ ထိုအာဏာရပ် များကို တိုင်းတစ်ပါးသားများက လုယူသွားချိန်၌ ထိုနိုင်ငံသားများ ကျွန်ဖြစ်ကာ တိုင်းတစ်ပါးသားတို့ ဖိနှိပ်သမျှ ခံရ၏။ ထို့ကြောင့် **လွတ်လပ်ရေး ဟူသည် မည်သို့မျှ လက်လွတ် မခံနိုင်သောအရာ၊ ဆုံးရှုံးရာ၌ မြန်သလောက်၊ ပြန်လည်တိုက်ယူ ရာ၌ ကြာမြင့်တတ်၏။ တန်ဖိုးကြီးပေးရတတ်၏။ တန်ဖိုးကြီးပေးရ သည်ဆိုရာမှာ အသက်၊ သွေး၊ချွေး အမြောက်အမြား ပေးဆပ်ကာ တိုက်ယူရခြင်း၊ သူ့ကျွန်ဘဝ၌ ဖိနှိပ်သွေးစုပ် ခြယ်လှယ်သမျှကို မချိမဆံ့ခံရခြင်းတို့ ဖြစ်ပေ သည်။**

လူတို့သဘာဝအရ နာမကျန်းဖြစ်သောအခါ၊ ရောဂါဝေဒနာ ဖိစီးခံရ သောအခါ၊ အိပ်ရာထဲလဲပြီး လူမမာ ဖြစ်ရသောအခါ စိတ်သွားတိုင်း ကိုယ်မပါ ပျော်ရွှင်သာယာမှုကင်းမဲ့၊ သွားလာလှုပ်ရှား လုပ်ကိုင်နိုင်စွမ်းမရှိ ဖြစ်ကြရသည်။ ထိုအခါမျိုးတွင် ကျန်းမာနေကောင်းစဉ်က အခြေအနေကို ပြန်လည်တမ်းတ လွမ်းကြရသည်။ အမြန်ဆုံးနေထိုင်ကောင်းလိုကြသည်။ ထိုအခါတွင်မှ အာရောဂျံ ပရမံလာဘံ၊ ကျန်းမာခြင်းသည် ကြီးစွာသော လာဘ်ကြီးတစ်ပါး ပါတကားဟု သတိပြုမိတတ်သည်။

**နိုင်ငံတစ်နိုင်ငံ ကျွန်ဘဝသို့ ကျရောက်ပြီဆိုလျှင် ကျွန် ပြုသူ နယ်ချဲ့တို့၏ စကားလုံးလှလှ၊ လှည့်ဖြားအကြောင်းပြချက်များနှင့် လားလားမျှ မဆိုင်သော ဒုက္ခမျိုးစုံ စုပြုံခံစားကြရသည်။ ကျွန်ဘဝနာတာ ရှည်လာလေ လွတ်လပ်ရေး ပြန်လိုချင်လေဖြစ်သည်။ ထို့ကြောင့်လည်း နောင်လာ နောက်သား သားစဉ်မြေးဆက် လွတ်လပ်စွာနေနိုင်ရန် အသက် စတေး၍ လွတ်လပ်ရေးကို တိုက်ယူပေးခဲ့ကြခြင်းဖြစ်သည်။ လွတ်လပ်ရေး ဆုံးရှုံးဖူးလေ လွတ်လပ်ရေးတန်ဖိုးကို သိလေဖြစ်သည်။ ယနေ့မြန်မာတို့ လွတ်လပ်ရေးကို ကျားကုတ်ကျားခဲ ဖွဲ့နပဲဖြင့် သွေးချွေးရင်းပြီး ပြန်ယူထားရသောကြောင့် လွတ်လပ်ရေးတန်ဖိုးကို သိနေကြသည်။ သို့ဖြစ်၍လည်း မြန်မာတို့ အထွတ် အမြတ် ထားသည့် လွတ်လပ်ရေးကို လက်လွတ် ဆုံးရှုံးမခံနိုင်ကြတော့ခြင်း ဖြစ်ပေသည်။ လွတ်လပ်ရေးဟူသည် တန်ဖိုးမဖြတ်နိုင်သော အမျိုးသားအမြုတေ ရတနာပင် ဖြစ်ပေသည်။ ။**

လွတ်လပ်ရေး ဟူသည်
မည်သို့မျှ လက်လွတ်မခံနိုင်သောအရာ၊
ဆုံးရှုံးရာ၌ မြန်သလောက်၊
ပြန်လည် တိုက်ယူရာ၌ ကြာမြင့်တတ်၏။
တန်ဖိုးကြီးပေးရတတ်၏။
တန်ဖိုးကြီးပေးရသည်ဆိုရာမှာ
အသက်၊ သွေး၊ ချွေး အမြောက်အမြား
ပေးဆပ်ကာ တိုက်ယူရခြင်း၊ သူ့ကျွန်ဘဝ၌
ဖိနှိပ်သွေးစုပ် ခြယ်လှယ်သမျှကို မချိမဆံ့
ခံရခြင်းတို့ ဖြစ်ပေသည်။

...တ်ခွန်ထုလောက်ပေ ...းက ဤမြေတည်ရှိ ...ခဲ့သည်ကို ပုံတောင် ... ယခင် အာဖရိက ...ပ်ကြွင်းအရ ကမ္ဘာ့ ...ါင်း သန်းသုံးဆယ် ...ကြွင်းများအရ ကမ္ဘာ့ ...န်းလေးဆယ်ရှိပြီဟု

...ွ့ရှိချက်၊ ဧရာဝတီ ...ွင် ကျောက်ခေတ် ...တကောင်း၊ သရေ ... ပင်းယ၊ အင်းဝ၊ ...င်၊ ရတနာပုံခေတ် ...စာပေ၊ ဂီတ၊ ပန်း ...ယဉ်ကျေးမှု အစဉ်

... သဘာဝရေအရင်း ...ရေ၊ သုံးရေရသည်။ ...မြစ်ကေ သန်းပေါင်း ... သဘာဝ ဓာတ်ငွေ့ ...ချိန်တင် ပတ္တမြား၊

# ...တ်လပ်ရေးကို မြတ်နိုး အသက်တမျှ တန်ဖိုးထား

၁၇၅၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မြန်မာဘုရင် အလောင်းမင်းတရားကြီးအား ဟသ်ာတဆိပ်ကမ်း၌ အင်္ဂလိပ်စစ်ဗိုလ် လက်စ်တာက လာရောက်ဂါရဝပြုပုံကို ရေးဆွဲထားသော ပန်းချီသစ်လွင်စိုး (ယဉ်ကျေးမှုတက္ကသိုလ်)၏ ပန်းချီကားဖြစ်သည်။
(ယင်းနှစ် အောက်တိုဘာလ ၆ရက်နေ့တွင် ဟိုင်းကြီးကျွန်းတွင် အခြေစိုက်နေသည့် နယ်ချဲ့တို့၏ ခြေကုပ်စခန်းကို အလောင်းမင်းတရားကြီးက မင်းရဲကောင်းပုံကိုစေလွှတ်၍ တိုက်ခိုက်စေခဲ့သည်။)



● *ကျောဖုံးမှ*

ယင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့မိမြို့ဖများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကချင်အထူးဒေသ(၁)နှင့် အထူးဒေသ(၂)တို့မှ ငြိမ်းချမ်းရေးအဖွဲ့ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်လူငယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ မြို့တော်ခန်းမရှေ့၌ လွှင့်ထူထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

**ဂုဏ်ပြုသီဆို**

ယင်းနောက် အခမ်းအနား အစီအစဉ်များကို မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များက **'ရာသက်ပန်ပြည်ထောင်စု'**နှင့် **'ပြည်မြန်မာ'**သီချင်းများဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် အစည်းအဝေးကို စတင်ကျင်းပရာ သဘာပတိ ကချင်



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ကချင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သဘာပတိ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးရာဝမ်းဂျုံ အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရာဝမ်းဂျုံက အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)က ချမှတ်ပေးခဲ့သည့် ဦးတည်ချက် (၇)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၉)ရပ်တို့ကို ကချင်ပြည်နယ်အတွင်း ထိရောက်အောင်မြင်စွာ လက်တွေ့အကောင်အထည်ဖော်ပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုး စီးပွားတိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက် လုပ်ကိုင်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို အမျိုးသားရေး အနှစ်သာရရှိရှိ ဆွေးနွေးညှိနှိုင်းဖို့ ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း။

တပ်မတော်အစိုးရလက်ထက်၌ ဆောင်ရွက်ချက်များမှာ ယနေ့ မိမိတို့ ပြည်သူများ ပီတိများ ရင်နှင့်အပြည့် ခံစားနေရတာဖြစ်သည့်အတွက် အထူးပြောပြစရာမလိုပါကြောင်း၊ မည်သည့်နေရာမှာပင် ကြည့်ကြည့် တည်ငြိမ်အေးချမ်းမှုများ၊ တည်ဆောက်ပြုပြင်တိုးတက်မှုများ၊ ပြည်သူ့ဘဝမြှင့်တင်ရေး ဆောင်ရွက်မှုများသည် နိုင်ငံအနှံ့၊ ဒေသအနှံ့ မြင်တွေ့ရမှာဖြစ်ပါကြောင်း။

**လမ်းညွှန်မိန့်ကြား**

ယနေ့ နိုင်ငံတော်အစိုးရသည် အတိတ်ကကမ္ဘာ့၊ မြန်မာ့သင်ခန်းစာများကို ရယူပြီး ပြည်သူလူထု၏ ဆန္ဒလိုလားချက်ဖြစ်သည့် ဒီမိုကရေစီစနစ်ကို စနစ်တကျဖော်ဆောင်နေကြောင်း၊ ဒီလိုဆောင်ရွက်သည့် နေရာတွင် **"ဒီမိုကရေစီ နိုင်ငံတော်ကို ခိုင်ခိုင်မြဲမြဲ တည်ဆောက်မယ်ဆိုလျှင် နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ စီးပွားရေး တောင့်တင်းရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတို့သည် ပဓာနကျသည့် လိုအပ်ချက်များဖြစ်သည်"**ဟု ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကကြီးက နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)တွင် အသင်းအဆင့်ဆင့်ကို လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

**အသင်းအဆင့်ဆင့်လိုက်နာ**

ယင်းလိုအပ်ချက်များ နိုင်ငံတော်အစိုးရအနေနှင့် နေ့မအား ညမနား ဆောင်ရွက်ဖြည့်ဆည်းနေကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရန် လက်နက်ကိုင် အဖွဲ့အစည်းများကို လက်တွဲမှုရအောင် စည်းရုံးနိုင်ခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက် (၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။**
(သတင်းစဉ်)





**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။**
(သတင်းစဉ်)



**ကချင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်လဇတ်လွမ်းညွယ်က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၌ ချမှတ်ခဲ့သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ဆွေးနွေးတင်ပြစဉ်။**
(သတင်းစဉ်)



**ဆွေးနွေးတင်ပြ**

**ကချင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ကို ဆွေးနွေးတင်ပြစဉ်။**
(သတင်းစဉ်)



**ကချင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးသိန်းက ကချင်ပြည်နယ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။**
(သတင်းစဉ်)



**မိုးညှင်းခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစံလင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။**
(သတင်းစဉ်)



**ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးအောင်ဆန်းဝင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။**
(သတင်းစဉ်)



**ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မာဆန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။**
(သတင်းစဉ်)



**မြစ်ကြီးနားခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ရှီဇော် လွမ်းလှန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။**
(သတင်းစဉ်)

အဖွဲ့အစည်း အားလုံးကလည်း အစိုးရ၏ စေတနာကို သိမြင်နားလည်ပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ၌ ဒေသအလိုက် ပူးပေါင်းပါဝင်နေကြပြီဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် တိုင်းရင်းသား အားလုံး၏ စည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲအောင် တည်ဆောက်နေကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်၊ ဦးတည်ချက်များကို အထောက်အကူပြုမည့် လုပ်ငန်းရပ်များ၊ ဦးတည်ချက်များ၊လုပ်ငန်းစဉ်များကို သင်းလုံးကျွတ်အစည်းအဝေးများကနေပြီး နှစ်စဉ်ချမှတ်ပေးလေ့ရှိပါကြောင်း၊ ယခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကြီးက ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်တို့ကို ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ကချင်ပြည်နယ်အတွင်းလက်တွေ့မည်သို့ အကောင်အထည်ဖော်သွားကြမည်ဆိုသည်ကိုလည်း ပြည်နယ် အလုပ်အမှုဆောင်အဖွဲ့က ချပြဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ချပြဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့်ခရိုင်အလိုက်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြဖို့လိုကြောင်း၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖို့လိုကြောင်း၊ ယင်းသို့ ဆွေးနွေးချက်များထဲကနေ ဆုံးဖြတ်ချက်ချမှတ်ပြီး ယင်းဆုံးဖြတ်ချက်အတိုင်း အသင်းအဆင့်ဆင့်က လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ် အောင်မြင်အောင် စွမ်းရည် စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက်အကောင်အထည်ဖော်ရေး အဆိုကို ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းက ဆွေးနွေးတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်း

*စာမျက်နှာ ၁၁ ကော်လံ ၁*



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် General Political Department မှ Vice Chief ဖြစ်သူ Lieutenant General, Phung Khac Dang နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်မှ Lt. Gen, Phung Khac Dang နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Pham Quang Khon နှင့် စစ်သံမှူး Senior Colonel, Le Van Thanh တို့လည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

***စာမျက်နှာ ၁၀မှ***

အဝေး(၂၀၀၄)၏ ရှေ့လုပ်ငန်းစဉ် (၉) ရပ် အောင်မြင်အောင်စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေး အဆိုကို ကချင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်လဇတ်လွမ်းညွယ်က ဆွေးနွေးတင်ပြသည်။

ထို့နောက် ကချင်ပြည်နယ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများနှင့်ပတ်သက်၍ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးစိုးသိန်းက ဆွေးနွေးတင်ပြသည်။

**ထောက်ခံဆွေးနွေး**

ယင်းနောက် ကချင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းက ဆွေးနွေးတင်ပြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ် အောင်မြင်အောင် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေးအဆို၊ ကချင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်လဇတ်လွမ်းညွယ် ဆွေးနွေးတင်ပြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ်အောင်မြင်အောင် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေး အဆိုနှင့် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးစိုးသိန်း ဆွေးနွေးတင်ပြသည့် ကချင်ပြည် နယ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများ အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေးအဆိုတို့ကို မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစံလင်း၊ မြစ်ကြီးနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ရှီဇော်လွမ်းလှန်း၊ ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဆန်းဝင်းနှင့် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မာဆန်းတို့က အသီးသီးထောက်ခံဆွေးနွေးသည်။

**ဆုများချီးမြှင့်**

ထို့နောက် ထူးချွန်လူငယ်များအား ကချင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးတင်မောင်ဝင်း၊ ကချင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးနှင့် မြစ်ကြီးနားခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်ကြီးစောအေးကို (အငြိမ်းစား)တို့က ဆုများ အသီးသီးချီးမြှင့်ကြသည်။

ယင်းနောက် သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ကချင်ပြည်နယ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အနေဖြင့် ဆက်လက်၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဆုံးဖြတ်အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးကို ကြွေးကြော်သံများဖြင့် နံနက် ၁၁ နာရီတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

ပညာရေးစုံညီပွဲတော်
(၂၈-၁၂-၂၀၀၄ မှ ၃-၁-၂၀၀၅)

**SCHOOL FAMILY DAY**
**(28/12/2004 to 3/1/2005)**

**ဒီဇင်ဘာ ၂၄ရက်က ပဋ္ဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်း ပြပွဲတွင် သုဓာတာ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ တိုင်းရင်းဆေး အမျိုးမျိုး ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိစဉ်။**

(က-ပ)




# အကယ်ဒမီရွှေစင်ရုပ်ဆုပေးပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၄

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ၂၀၀၃ ခုနှစ်အတွက် အကယ်ဒမီရွှေစင်ရုပ်ဆု ပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီခွဲအချိန်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်က ယင်းနေ့ညနေ ၅နာရီမှစတင်၍ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

## အင်အားအလွန်ပြင်းငလျင်လှုပ်

ရန်ကုန် ဒီဇင်ဘာ ၂၄

**၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၃ရက် မြန်မာ စံတော်ချိန် ၂၁နာရီ ၄၁မိနစ် ၄၃စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက် မိုင်၆၀၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၈ဒသမ၁ အဆင့်ရှိ အင်အား အလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။**

# သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်များနှင့် လျော်ညီစွာ သာယာလှပစေပြီး ပြည်သူများအပန်းဖြေအနားယူနိုင်ရန် ပန်းခြံများ၊ ကန်ပေါင်များ၊ သစ်ပင်များ၊ မြက်ခင်းများ၊ပန်းအလှပင်များအား နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိပါသည်။

၂။ ပြည်သူများစိတ်နှလုံးချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် ပန်းခြံများနှင့်ကန်ပေါင်များတွင် မြက်ခင်းများ၊ သစ်ပင်ပန်းခင်းများ၊ထီးများ၊ထိုင်ခုံများ၊တံတားများ၊မီးလုံး၊မီးဆိုင်းများနှင့် အခြားလိုအပ်သောပစ္စည်းများအား တပ်ဆင်ထားရှိပါသည်။

၃။ သို့ရာတွင် ပြည်သူများအပန်းဖြေရန် ပြုလုပ်ပေးထားသည့်ပစ္စည်းများအား စည်းကမ်းမဲ့သော ပြည်သူအချို့ကြောင့် ပျက်စီးခဲ့ရပြီး ၂၀၀၃ခုနှစ် ခရစ္စမတ်ပွဲတော်ကာလနှင့် ၂၀၀၃-၂၀၀၄ နှစ်သစ်ကူးကာလရက်များအတွင်း အပျော်လွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ ၆(၁)အရ တရားခံ ခုနစ်ဦးအား အရေးယူခဲ့ရပါသည်။

၄။ ထို့ကြောင့် ၂၀၀၄ ခုနှစ် ခရစ္စမတ်ပွဲတော်ကာလနှင့် ၂၀၀၄-၂၀၀၅ နှစ်သစ်ကူးရက်များအတွင်း အင်းလျားကန်ပေါင်ရှိ ကမ္ဘာ့အေးဘုရားလမ်းဘက်ခြမ်းနှင့် ပြည်လမ်းဘက်ခြမ်းနေရာများအား နေ့စဉ် နံနက် ၄ နာရီမှ ည ၉ နာရီအထိသာ အပန်းဖြေအနားယူခွင့်ပြုမည်ဖြစ်ပြီး ကျန်အချိန်များ ပိတ်ထားမည်ဖြစ်ပါသည်။

၅။ ထိုနည်းတူ မြို့တော်သာယာလှပစေရေးအတွက် ပြည်သူများအပန်းဖြေရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသည့် လမ်းများ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ မီးလုံး၊မီးဆိုင်းများ၊ဆိုင်းဘုတ်များ စသည်တို့ကို ပျော်ရွှင်မှုလွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# သစ္စာအေးစေတီတော် ရွှေထီးတော်တင်မင်္ဂလာနှင့် ကျောင်းဆောင်သစ်ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၄

**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အောင်ဆန်းမိုးကုတ်ဝိပဿနာ တောရတပ်ဦးကျောင်းတိုက်အတွင်း၌ တည်ထားကိုးကွယ်သည့် သစ္စာအေး စေတီတော်အား အလှူရှင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့မိသားစုနှင့် ဗိုလ်ချုပ်သူရသီဟသူရစစ်မောင်၏ဇနီး ဒေါ်ခင်ဖြူဝင်း မိသားစုတို့က လှူဒါန်းသည့် ရွှေထီးတော်တင်မင်္ဂလာ၊ သိက္ခာထပ်ရဟန်းခံမင်္ဂလာနှင့် အလှူရှင် ဗိုလ်ချုပ်သူရသီဟသူရစစ်မောင်၏ဇနီး ဒေါ်ခင်ဖြူဝင်း မိသားစုက ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အင်းစိန်မြို့နယ်ရှိ အဆိုပါကျောင်း တိုက်၌ ကျင်းပသည်။**



**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အောင်ဆန်းမိုးကုတ်ဝိပဿနာတောရ တပ်ဦးကျောင်းတိုက်အတွင်း၌ တည်ထားကိုးကွယ်သည့် သစ္စာအေးစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ထီးတော် ဘုံအဆင့်ဆင့်တို့ကို ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များက စေတီတော်အထွတ်သို့ ရထားပုံဖြင့် တင်လှူပူဇော်ကြစဉ်။**
(သတင်းစဉ်)



ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍အောင်ဆန်းမိုးကုတ်ဝိပဿနာ တောရတပ်ဦးကျောင်းတိုက် ဆရာတော် မဟာကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို ရထားပုံမဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ စေတီတော်အထွတ်သို့ ရထားပုံဖြင့်တင်လှူပူဇော်ကြသည်။

ဆက်လက်၍သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တပ်မတော်(လေ) မြလေယာဉ်ကုသိုလ်ဖြစ်ထီးတော်တင်အဖွဲ့က ထီးတော်ဘုံအဆင့်ဆင့်ကို စေတီတော်အထွတ်တွင် တင်လှူကြပြီး အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်းပူဇော်ကြသည်။

အခမ်းအနားသို့နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ဇနီး၊ ဗိုလ်ချုပ်သူရသီဟသူရစစ်မောင်၏ ဇနီး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပည့်ဒါယကာ ဒါယိကာမများ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ရွှေထီးတော်တင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချမင်္ဂလာအခမ်းအနားကို ဓမ္မဝိဇ္ဇာဓမ္မာရုံကြီး၌ ကျင်းပရာ ဆရာတော်သံဃာတော်များနှင့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်ကြီးများထံ ကပ်လှူကြပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် တက်ရောက်လာသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို

## ရွှေမိုးငွေမိုးရွာသွန်း

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် အဖွဲ့ဝင်များက မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများရွာသွန်းဖြိုးပေးပြီး မင်္ဂလာစည်တော်အဖွဲ့က အောင်စေပိုင်စေ တေးသီချင်းဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

**(သတင်းစဉ်)**

**ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အောင်ဆန်းမိုးကုတ်ဝိပဿနာတောရ တပ်ဦးကျောင်းတိုက်အတွင်း၌ အလှူရှင် ဗိုလ်ချုပ်သူရသီဟသူရစစ်မောင်၏ဇနီး ဒေါ်ခင်ဖြူဝင်းမိသားစုက ဆောက်လုပ်လှူဒါန်းသည့်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။**
(သတင်းစဉ်)



# ပုသိမ်မြို့နယ် တဲကြီးကုန်းကျေးရွာအနီး စိုက်ခင်းရေတင်ဆောင်ရွက်နေမှု တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက ပုသိမ်မြို့နယ် တဲကြီးကုန်းကျေးရွာအနီး ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စိုက်ခင်းတွင် စိုက်ပျိုးထားသော သီးထပ်ရင် နွေစပါး စိုက်ခင်း၌ အနိမ့်ရေတင်ကိရိယာဖြင့် ရေတင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်နှင့် စက်မှုလုပ်ငန်းရှင် ဦးချမ်းသာတို့က ၆ ဒသမ ၈ လက်မနှင့် ၈ လက်မ ရေတင်ကိရိယာဖြင့် ရေတင်နေမှုကို သရုပ်ပြရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားကြောင်းသတင်းရရှိသည်။ **(အပေါ်ပုံ)** **(ဧရာဝတီတိုင်း)**

# မိဂဒါဝမ္မရိပ်သာ ၁၀ ရက်တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် (၅)ရပ်ကွက် သရေခေတ္တရာ လမ်း မိဂဒါဝမ္မရိပ်သာ ဇဟိုဓမ္မာရုံကြီးတွင် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၇ရက်အထိ (၁၃၆၆ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်မှ ၁၂ ရက်အထိ) မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏသိင်္ဂီကျောင်းတိုက် ဆရာတော်၏တပည့် နယ်လှည့် ဓမ္မကထိက ဆရာတော် ဦးနန္ဒောဘာသ (ဓမ္မာစရိယ) အရှင်သူမြတ်နှင့် မြန်အောင်ဆရာတော် ဦးဥတ္တမသာရ အရှင်သူမြတ်တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်၏ ဥပနိဿယများအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားများ ဟောကြားမည်ဖြစ်သည်။ တရားဝင်ယောဂီများ ဒီဇင်ဘာ ၂၈ ရက် စာရင်းသွင်းအရောက် လာကြရန် နှိုးဆော်ထားသည်။ **(၁၉၂)**

# နိုင်ငံတော်၏ဦးတည်ချက်၊ လက်ရှိဖြစ်ထွန်းတိုးတက်နေမှု ပကတိအခြေအနေများသိမြင် အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းများ တက်တက်ကြွကြွပါဝင်ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၂နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၀၀၆ ဦးတို့ တက်ရောက်ကြသည်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မွန်ပြည်နယ် အမျိုးသမီး ရေးရာအဖွဲ့ဝင်များ တွေ့ဆုံခြင်းအခမ်းအနားကျင်းပစဉ်။

(အမျိုးသမီးရေးရာ)

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည်မှာ တစ်နှစ်တာကာလ ပြည့်မြောက်ခဲ့ပြီဖြစ်၍ လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေ အရပ်ရပ်နှင့် အားနည်းချက်၊ အားသာချက်များကို လေ့လာနိုင်ရန်လာရောက်ခြင်းဖြစ်ကြောင်း၊ အဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့သည့် ရည်ရွယ်ချက် (၇)ရပ်အတိုင်း ဆက်လက် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အခြေခံမူများဖြစ်သော အမျိုးသားရေးဆိုင်ရာ အခြေခံမူ၊ တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူ၊ ဘာသာရေးဆိုင်ရာ အခြေခံမူ၊လူမှုရေးဆိုင်ရာအခြေခံမူနှင့် အမျိုးသား အခြေခံမူများကို စနစ်တကျ အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အင်္ဂနဲ့ရှည်ကြာစွာတည်တံ့ခိုင်မြဲရေးအတွက် ပြည်သူလူထု၏ စည်းလုံးညီညွတ်မှု အင်အား တည်ဆောက်ရာတွင် မိမိတို့ကဲ့သို့ အစိုးရမဟုတ်သော အသင်းအဖွဲ့များရှင်သန်ဖြစ်ထွန်းလာအောင် အားပေးကူညီလျက်ရှိကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်၊ ကြက်ခြေနီနှင့် စစ်မှုထမ်းဟောင်း စသည့် အဖွဲ့အစည်းများသည် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးစသည့် လုပ်ငန်းများတွင် အရှိန်အဟုန်ဖြင့် ပါဝင်ဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့်လည်း အမျိုးသမီးများ အကြမ်းဖက်မခံရရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ပေးနေကြောင်း။

## ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အစိုးရ (တပ်မတော်)သည် ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားပြီး ဦးတည်ချက် (၁၂)ရပ်ချမှတ်ကာ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နေ့မအား ညမနားဆောင်ရွက်နေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ပြည်ပ၌ အခြေပြုသည့် အမျိုးသမီးအဖွဲ့ The Women League of Burma (WLB) အမည်ခံပြီး System of Impunity ဆိုသည့် စာစောင်ထုတ်ဝေကာမြန်မာလက်နက်ကိုင် အဖွဲ့အစည်းများက တိုင်းရင်းသူများကို အဓမ္မပြုကျင့်သည်ဟု ဂုဏ်သိက္ခာ ကျဆင်းရန် ရည်ရွယ်ဖော်ပြခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး စစ်ဆေးသည့်အခါ မှန်ကန်မှုမရှိသည်ကို စစ်ဆေး တွေ့ရှိရကြောင်း၊မိမိတို့ အဖွဲ့ဝင်များ အနေဖြင့် အမှန်တရားကို သိမြင်ကြရန် လိုအပ်ကြောင်း၊ မိမိတို့ အမျိုးသမီးအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏ ဦးတည်ချက်၊ နိုင်ငံတကာ အခြေအနေ၊ လက်ရှိဖြစ်ထွန်းတိုးတက်နေမှု ပကတိ အခြေအနေမှန်များအပေါ် သိမြင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် နိုးကြားတက်ကြွလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် မဟုတ်မမှန် စွပ်စွဲမှုများကို အမှန်တရားဖြင့် ချေဖျက်ပြီး ဝိုင်းဝန်းကြိုးပမ်းသွားရမည်ဖြစ်ကြောင်း။

အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်နှင့်ကြက်ခြေနီ စသည့်လူမှုရေးအဖွဲ့အစည်းများနှင့်လက်တွဲ၍ နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ပြီး နိုင်ငံတော်၏ စွမ်းအားစုတစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

## ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က လူမှောင်ခိုမှုနှင့် လူကုန်ကူးခြင်းဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းက အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရေးကိစ္စကိုလည်းကောင်း၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်က အမျိုးသမီးများ ပြုစုပျိုးထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း အသီးသီးဆွေးနွေးကြသည်။ ထို့နောက် အခမ်းအနားကို ခေတ္တရပ်နားပြီး တက်ရောက်လာသူများက ကိုယ်စားပြုအဖွဲ့ဝင် ၃၀ စီ ပါဝင်သော စားပွဲဝိုင်းအဖွဲ့ ရှစ်ဖွဲ့ခွဲ၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကွင်းဆင်းလေ့လာရေးအဖွဲ့ဝင်များနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဆွေးနွေးမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကွင်းဆင်းလေ့လာရေးအဖွဲ့သည် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒေါနရိပ်သာ၌ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များ၊ ခရိုင်များမှ အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ စည်းရုံးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

## ဟောပြော

ကွင်းဆင်း လေ့လာဆွေးနွေးရေး အဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြပြီး နံနက် ၈ နာရီခွဲတွင် ဖွဲကပင် ခန်းမ၌ ကရင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ရာ အဖွဲ့ဝင်၁၀၈၀ တို့ တက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်မှုများကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် အဖွဲ့ဝင် ၃၀ ပါ အဖွဲ့ ရှစ်ဖွဲ့ဖြင့် စားပွဲဝိုင်း ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြပြီး ပြည်နယ်နှင့် ခရိုင် အလုပ်အမှုဆောင်များနှင့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မသမာသူအဖျက်သမားများ၏ အဖျက်လုပ်ရပ်ကြောင့် အဝေးသင်တက္ကသိုလ်ကျောင်းသားတစ်ဦး သေဆုံး

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့ အောင်သံလွင်အားကစားရုံအနီးရှိ မျောက်မင်းအားကစားပစ္စည်း အရောင်းဆိုင်၌ ယနေ့နံနက်၁၁နာရီ ၅၅မိနစ်တွင် ရေဒီယိုကက်ဆက်တစ်လုံးမှ ပေါက်ကွဲမှုဖြစ်ပွား၍ ကရင်ပြည်နယ်ကျောင်းသားဘောလုံးလက်ရွေးစင် အဝေးသင်တက္ကသိုလ် ပထမနှစ်ကျောင်းသား စအောင်မျိုးမြတ်(ခ)မျိုးမျိုး (၂၁နှစ်) သေဆုံးပြီး ကျောင်းသားလူငယ်သုံးဦး ဒဏ်ရာရရှိသွားကြောင်းသိရသည်။

ဖြစ်ပွားပုံမှာ ကရင်ပြည်နယ်ကော့ကရိတ်မြို့နေ ဦးမန်းအောင်လွင်၏သား စအောင်မျိုးမြတ်(ခ) မျိုးမျိုးသည် ဘားအံမြို့၌ ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ရက်အထိ ကျင်းပလျက်ရှိသော ကျောင်းသားအားကစားပွဲသို့ သွားရောက်ရန် သူငယ်ချင်းဖြစ်သူ ပြည်နယ်ကျောင်းသားဘောလုံးလက်ရွေးစင်နှစ်ဦးနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် ကော့ကရိတ်–ဘားအံ ခရီးသည်ယာဉ်လိုင်းမှ ဟိုင်းလပ်ယာဉ်ဖြင့် လိုက်ပါလာခဲ့ကြသည်။

အဆိုပါ ခရီးသည်တင်ဟိုင်းလပ်ယာဉ်သည် ဘားအံမြို့ အောင်သံလွင်အားကစားရုံရှေ့သို့ နံနက်၁၁ နာရီ မိနစ် ၅၀တွင် ရောက်ရှိပြီး ခရီးသည်အားလုံး ယာဉ်ပေါ်မှဆင်းကြရာ စအောင်မျိုးမြတ်တို့ သူငယ်ချင်းသုံးဦးသည်လည်း ယာဉ်မှဆင်းပြီး မျောက်မင်းအားကစားပစ္စည်းအရောင်းဆိုင်ရှိ သူငယ်ချင်းထံသို့ သွားရောက်ခဲ့ကြသည်။

## ဒဏ်ရာရရှိ

ထိုအချိန်တွင် ခရီးသည်တင် ဟိုင်းလပ်ယာဉ် ယာဉ်နောက်လိုက်က ယာဉ်ပေါ်တွင် ရေဒီယိုကက်ဆက်တစ်လုံးကျန်နေကြောင်း တွေ့ရှိသဖြင့် မျောက်မင်းအားကစားပစ္စည်းဆိုင်အတွင်းရှိ စအောင်မျိုးမြတ်တို့ထံ ၄င်းတို့၏ပစ္စည်း ဟုတ်–မဟုတ် သွားရောက်မေးမြန်းပြသခဲ့သည်။ စအောင်မျိုးမြတ်တို့က ၄င်းတို့၏ ပစ္စည်းတော့ မဟုတ်ကြောင်း၊ သို့သော် ခဏ ကြည့်ပါရစေဟု ပြောပြီး ယူကြည့်ကာ ခလုတ်နှိပ်ဖွင့်ကြည့်စဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး စအောင်မျိုးမြတ် သေဆုံးခဲ့ရသည်။ ထို့အပြင် အနီးရှိ ၄င်းနှင့်အတူ ကော့ကရိတ်မှ လိုက်ပါလာသော ပြည်နယ်ကျောင်းသားဘောလုံးလက်ရွေးစင်များဖြစ်ကြသည့် မောင်အောင်စိုးမိုး (၁၉နှစ်)၊ မောင်ချစ်ညီညီ(၁၉နှစ်)နှင့် ဘားအံမြို့ မျောက်မင်းအားကစားပစ္စည်းအရောင်းဆိုင်ပိုင်ရှင်၏သား မောင်ဝင်းဘုန်းကျော် (၁၇နှစ်)တို့ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

## သတိပေးနှိုးဆော်

ယင်းကဲ့သို့ အဖျက်လုပ်ရပ် လုပ်ဆောင်ခဲ့သည့် မသမာသူအဖျက်သမားများအား ဖမ်းဆီးရမိရေးကို သက်ဆိုင်ရာက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် အလားတူပိုင်ရှင်မဲ့ မသင်္ကာဖွယ်ရေဒီယို၊ ကက်ဆက်၊ နာရီ စသည့်ပစ္စည်းများနှင့် အခြားထုပ်ပိုးထားသည့်ပစ္စည်းများကို တွေ့ရှိပါက အလေးထားဂရုပြုပြီး အချိန်မီသတင်းပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး သာသနာ့တက္ကသိုလ်ရှိသံဃာတော်များအားဆွမ်းဆက်ကပ်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် သီတင်းသုံး လျက်ရှိတော်မူကြသော သင်ကြားစီမံဆရာတော်များနှင့် စာသင်သံဃာ အပါး ၄၅၀တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံး များ၏ မိသားစုများက တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်၁၀နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ပြည်သူ့လွှတ်တော် ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်း၊ အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိန်လှ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ညွှန်ကြားရေးမှူး များ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

## ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) သုတ္တန္တဌာနမှူး ပါမောက္ခဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ဝန်ထမ်းမိသားစုများ၏ တစ်နေ့တာဆွမ်း အလှူတော်ငွေကျပ် ၂၃၈၀၀၀ ကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၏ သုတ္တန္တဌာနမှူး ပါမောက္ခ ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တအား ဆက်ကပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွန့်က ကပ္ပိယ ကာရကအဖြစ် လက်ခံသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆရာတော်ထံမှ ဝန်ထမ်းမိသားစုများက အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**





## ပီအမ်ဂျီစတားကံစမ်းပွဲ
## ကံထူးရှင်ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

Peace Myanmar Group Co., Ltd.က ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ စားသုံးသူများအတွက် ပြုလုပ်ပေးလျက်ရှိသော ရင်ခုန်ခံစား ပီအမ်ဂျီ စတားကံစမ်းပွဲတွင် အထူးဆုကြီးဖြစ်သော ကျပ် ၇၅သိန်းအပါအဝင် ကျပ်ငါးသိန်း၊ ကျပ်တစ်သိန်း၊ကျပ်နှစ်သောင်း၊ ကျပ်တစ်သောင်းစသည့်ဆုမဲပေါင်း မြောက်မြားစွာအနက် ကိုပေါက်စတိုး သုဝဏ္ဏမှ ဝယ်ယူပြီး PMG * ISO အဖုံးဆုကို ဆွတ်ခူးရရှိသွားသည့် ကျပ်ငါးသိန်း ကံထူးရှင်ဦးရဲထွန်းသန့် အမှတ်၁၁ (က) အောင်ဇေယျလမ်း ရန်ကုန်သစ်ရပ်ကွက် သုဝဏ္ဏသဃ်န်းကျွန်းမြို့နယ်အား ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်မျှော်စင်ကျွန်း စတိတ်ရှိုးကွင်း၌ကျင်းပရာ ဈေးကွက်ဒါရိုက်တာ ဦးသိန်းဝင်းကနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆုများပေးအပ်သည်။

**(အပေါ်ပုံ)**

Peace Myanmar Group Co., Ltd. ၏ ကံစမ်းမဲများ အနက်မှ ကျန်ရှိနေသေးသော အထူးဆုကြီးကျပ် ၇၅သိန်းအပါ အဝင်အခြားဆုမဲများစွာကိုလည်း မြန်မာနိုင်ငံအနှံ့အပြား ရောင်းချနေသော ပီအမ်ဂျီကုန်ပစ္စည်းများ အတွင်းထည့်သွင်းထားပြီးဖြစ်ရာ ဆုမဲများကို ငွေသားဖြင့်လဲလှယ်ရာ၌ ကျပ်နှစ်သောင်းအထိ ဆုမဲများကို နီးစပ်ရာ ဆိုင်များ၊ တောင်ကြီးရုံးခွဲ၊ မန္တလေးရုံးခွဲများတွင် လဲလှယ်ထုတ်ယူနိုင်ပြီး ကျပ်တစ်သိန်းနှင့်အထက်ဆုကြီးများကို ရန်ကုန်ရုံးချုပ်တွင်သာ လဲလှယ်ပေးသွားမည်ဖြစ်ကြောင်းနှင့် အရောင်းဆိုင်များအနေဖြင့် ဆုမဲဖုံးများကို ကုမ္ပဏီရုံးချုပ်၊ရုံးခွဲများတွင်လာရောက်လဲလှယ်ပါက မဲဖုံးတန်ဖိုး၏ ၁၀ရာခိုင်နှုန်းကို ထပ်ဆောင်းခံစားခွင့်ရရှိမည် ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

## ဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏လစဉ်ကျင်းပမြဲဖြစ်သောဂေါက်ရိုက်ပြိုင်ပွဲအတွက် နှစ်ဦး အကြိုဂေါက်ရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ၂၆ရက် နံနက်၅နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ချစ်သော ဒီဇင်ဘာ

ဒီဇင်ဘာ၆ ရက် ဖေဖေ့မွေးနေ့၊ ဒီဇင်ဘာ ၁၈ရက် ရှင်မိုးမွေးနေ့၊ ဒီဇင်ဘာ ၂၃ ရက် ဝဏ္ဏာမွေးနေ့၊ ဒီဇင်ဘာ ၂၅ ရက် မေမေ့မွေးနေ့ ဖြစ်သလို ဖေဖေနဲ့မေမေတို့ရဲ့ (၃၈)နှစ်မြောက် မင်္ဂလာရက်မြတ်နေ့ဖြစ်လို့ ဒီဇင်ဘာချစ်သူများ ကျန်းမာအသက်ရှည်ပြီး တိုင်းပြည်နှင့်လူမျိုးအကျိုး တိုးပွားဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

**သားသမီးများ** - **အောင်အောင်၊ စိုးစိုး၊ အောင်မြတ်ကျော်-ရှင်မိုး၊ တက်လွင်ထွန်း-ရှင်နှင်း**

**မြေးများ** - **ဝဏ္ဏာ၊ရှင်ငြိမ်းသူ၊ဉာဏ်လင်းမော်၊ ရှင်ရွှန်းမြအေး။**


# ဆိုင်သစ်ဖွင့်ပွဲ အထူးဈေးရောင်းပွဲတော်

# SHINE & FINE Export Fashion Shop

ကလေးဝတ်၊ အမျိုးသမီးနှင့်အမျိုးသား **Export** အဝတ်အထည်အမျိုးမျိုးကို ဈေးနှုန်း ချိုသာစွာဖြင့် လက်လီ၊ လက်ကား ရောင်းချပေးနေပါပြီ။

**အထူးဈေးရောင်းပွဲကာလ** ➢ **(ခရစ္စမတ်နေ့မှ လွတ်လပ်ရေးနေ့အထိ)။**

**ဆိုင်တည်နေရာ** ➢ **အမှတ် ၁၆၅၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။**
**LUCKY SEVEN Tea Shop နှင့် KITCHEN MART(5) အနီး၊ Ph: 09-99-28159,09-50-22653, 511080။**


## သက်ဆိုင်သူ အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၅၃တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မြင့် ၁၂/မဂတ(နိုင်)၀၄၂၄၅၃ ၏ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ၃၄လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ယခင်အမှတ် ၁၆၉/၁၆၉-A/၁၇၁၊ ယခုအမှတ် ၃၆၉/၃၇၁ဟု ခေါ်တွင်သည့် အနော်ရထာလမ်းမကြီးပေါ် မျက်နှာမူသော ၁၂ခန်းတွဲ လေးထပ်တိုက်မှ မြေညီထပ်အခန်းအမှတ် ၃၊ အကျယ်အဝန်း အလျားxအနံxအမြင့်(၁၀ပေxပေ ၄၀ x၁၆ပေ)နှင့် ပထမထပ် အခန်းအမှတ် ၆၊ အကျယ်အဝန်း အလျားxအနံxအမြင့် (၁၀ပေxပေ၄၀x၁၆ပေ) ထပ်ခိုးပါ၊ ရေမီးပါသော တိုက်ခန်းနှစ်ခန်းကို ဒေါ်အမိနာဘီဘီ ၁၂/ကတတ(နိုင်)၀၀၂၈၄စပိုင်ဆိုင်ခွင့်ချုပ်ငြိမ်းသွားသည့် ၂၀-၁၀-၂၀၀၄ ရက်မှ စတင်ကာ ပိုင်ရှင်ဖြစ်လာသူ ဦးမောင်မောင်(ခ)အေရာရှစ် ၁၂/မဂတ(နိုင်)၀၅၅၂၁၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ၂၂-၁၀-၂၀၀၄ ရက်တွင် တိုက်ခန်းနှစ်ခန်းကို အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ နှစ်ဖက်သဘောတူ ကတိစာချုပ်ဖြင့် တန်ဖိုးငွေပေးချေလျက် ဝယ်ယူလက်ရောက် ရရှိထားပြီးဖြစ်ပါသည်။

မြေနှင့်အဆောက်အအုံပိုင်ရှင် အီစွတ်ကာစင်အစ္စမေး ၁၂/ပဘတ(နိုင်) ၀၂၂၂၀၆ အမှတ်၁၄၂၊ ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့နေသူကလည်း ဦးမောင်မောင်(ခ)အေရာရှစ်နှင့် ကျွန်ုပ်၏မိတ်ဆွေတို့၏ တိုက်ခန်းအရောင်းအဝယ် စာချုပ်ကို အသိအမှတ်ပြုကြောင်း၊ အမည်ပြောင်းခကို ရောင်းချသူထံမှ လက်ခံရရှိပြီးဖြစ်ကြောင်းနှင့် အိမ်လခငွေ တစ်နှစ်စာကို ကျွန်ုပ်၏မိတ်ဆွေထံမှလက်ခံ ရယူထားပြီးဖြစ်ကြောင်း လက်မှတ်ရေးထိုးကာ အပျောက်အိမ်ငှားအဖြစ် ကျွန်ုပ်၏မိတ်ဆွေကို အသိအမှတ်ပြုထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါတိုက်ခန်းနှစ်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေဝယ်ယူပိုင်ဆိုင်လက်ရောက် ရရှိထားပြီးဖြစ်သည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေ၏ ပိုင်ဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်ခြင်း၊ မမှန်မကန်ပြောဆိုခြင်းများကို မည်သူမျှပြုလုပ်ပိုင်ခွင့်မရှိပါကြောင်းနှင့် ထိပါးနှောင့်ယှက်ပါက သက်ဆိုင်ရာ တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူခံရလိမ့်မည်ဖြစ်ကြောင်း သက်ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

**ဦးစိုးဝင်း**
**တရားရုံးချုပ်ရှေ့နေ၊ စဉ်-၃၈၇၈(၄၊ ၁၁၊ ၈၆)**
**အမှတ် ၂၈(ခြောက်လွှာ)၊ ၁၃၄ လမ်း၊**
**မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**










25-12 (14).p65 1 3/28/05, 8:57 PM

# တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများ

# အသံထုတ်လွှင့်မှု အစီအစဉ်ဇယား

## ( ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ရက်မှ မတ် ၈ရက် အထိ )

| စဉ် | နေ့စွဲ | ဘာသာ | ပြုစုသူ | ခေါင်းစဉ် |
|---|---|---|---|---|
| ၁။ | ၁-၁-၂၀၀၅<br>စနေ | ပင်ရင်းမြန်မာစာ | ဒေါက်တာဦးခင်အေး<br>ပါမောက္ခ၊ဌာနမှူး<br>မြန်မာစာဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ပင်ရင်းမြန်မာစာ)အပိုင်း(၁) |
| ၂။ | ၃-၁-၂၀၀၅<br>တနင်္လာ | စိတ်ကြိုက်မြန်မာစာ | ဒေါက်တာဦးခင်အေး<br>ပါမောက္ခ၊ဌာနမှူး<br>မြန်မာစာဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(စိတ်ကြိုက်မြန်မာစာ)အပိုင်း(၁) |
| ၃။ | ၄-၁-၂၀၀၅<br>အင်္ဂါ | အင်္ဂလိပ်စာ | ဒေါ်ခင်လေးမြင့်<br>ပါမောက္ခ၊ဌာနမှူး<br>အင်္ဂလိပ်စာဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(အင်္ဂလိပ်စာ)အပိုင်း(၁) |
| ၄။ | ၈-၁-၂၀၀၅<br>စနေ | သင်္ချာ | ဒေါက်တာကြည်ကြည်အောင်<br>ပါမောက္ခ၊ဌာနမှူး<br>သင်္ချာဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(သင်္ချာ)အပိုင်း(၁) |
| ၅။ | ၁၀-၁-၂၀၀၅<br>တနင်္လာ | ဓာတုဗေဒ | ဒေါက်တာကျော်မျိုးနိုင်<br>တွဲဖက်ပါမောက္ခ<br>ဓာတုဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ဓာတုဗေဒ)အပိုင်း(၁) |
| ၆။ | ၁၁-၁-၂၀၀၅<br>အင်္ဂါ | ရူပဗေဒ | ဒေါက်တာစိန်ထွန်း<br>ပါမောက္ခ၊ဌာနမှူး<br>ရူပဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ရူပဗေဒ)အပိုင်း(၁) |
| ၇။ | ၁၅-၁-၂၀၀၅<br>စနေ | ဇီဝဗေဒ | ဒေါက်တာဒေါ်တင်နွယ်<br>ပါမောက္ခ၊ဌာနမှူး<br>သတ္တဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ဇီဝဗေဒ)အပိုင်း(၁) |
| ၈။ | ၁၇-၁-၂၀၀၅<br>တနင်္လာ | ပထဝီဝင် | ဒေါက်တာဒေါ်မိမိကြည်<br>ပါမောက္ခ၊ဌာနမှူး<br>ပထဝီဝင်ဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ပထဝီဝင်)အပိုင်း(၁) |
| ၉။ | ၁၈-၁-၂၀၀၅<br>အင်္ဂါ | သမိုင်း | ဒေါက်တာကျော်ဝင်း<br>ပါမောက္ခ၊ဌာနမှူး<br>သမိုင်းဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(သမိုင်း)အပိုင်း(၁) |
| ၁၀။ | ၂၂-၁-၂၀၀၅<br>စနေ | ဘောဂဗေဒ | ဒေါ်ဆင်းသိင်္ဂီ<br>ပါမောက္ခ၊ဌာနမှူး<br>ဘောဂဗေဒဌာန<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ဘောဂဗေဒ)အပိုင်း(၁) |
| ၁၁။ | ၂၄-၁-၂၀၀၅<br>တနင်္လာ | ပင်ရင်းမြန်မာစာ | ဒေါက်တာဦးခင်အေး<br>ပါမောက္ခ၊ဌာနမှူး<br>မြန်မာစာဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ပင်ရင်းမြန်မာစာ)အပိုင်း(၂) |
| ၁၂။ | ၂၅-၁-၂၀၀၅<br>အင်္ဂါ | စိတ်ကြိုက်မြန်မာစာ | ဒေါက်တာဦးခင်အေး<br>ပါမောက္ခ၊ဌာနမှူး<br>မြန်မာစာဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(စိတ်ကြိုက်မြန်မာစာ)အပိုင်း(၂) |
| ၁၃။ | ၂၉-၁-၂၀၀၅<br>စနေ | အင်္ဂလိပ်စာ | ဒေါ်ခင်လေးမြင့်<br>ပါမောက္ခ၊ဌာနမှူး<br>အင်္ဂလိပ်စာဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(အင်္ဂလိပ်စာ)အပိုင်း(၂) |
| ၁၄။ | ၃၁-၁-၂၀၀၅<br>တနင်္လာ | သင်္ချာ | ဒေါက်တာကြည်ကြည်အောင်<br>ပါမောက္ခ၊ဌာနမှူး<br>သင်္ချာဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(သင်္ချာ)အပိုင်း(၂) |
| ၁၅။ | ၁-၂-၂၀၀၅<br>အင်္ဂါ | ဓာတုဗေဒ | ဒေါက်တာကျော်မျိုးနိုင်<br>တွဲဖက်ပါမောက္ခ<br>ဓာတုဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ဓာတုဗေဒ)အပိုင်း(၂) |
| ၁၆။ | ၅-၂-၂၀၀၅<br>စနေ | ရူပဗေဒ | ဒေါက်တာစိန်ထွန်း<br>ပါမောက္ခ၊ဌာနမှူး<br>ရူပဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ရူပဗေဒ)အပိုင်း(၂) |
| ၁၇။ | ၇-၂-၂၀၀၅<br>တနင်္လာ | ဇီဝဗေဒ | ဒေါက်တာဒေါ်တင်နွယ်<br>ပါမောက္ခ၊ဌာနမှူး<br>သတ္တဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ဇီဝဗေဒ)အပိုင်း(၂) |
| ၁၈။ | ၈-၂-၂၀၀၅<br>အင်္ဂါ | ပထဝီဝင် | ဒေါက်တာဒေါ်မိမိကြည်<br>ပါမောက္ခ၊ဌာနမှူး<br>ပထဝီဝင်ဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ပထဝီဝင်)အပိုင်း(၂) |
| ၁၉။ | ၁၂-၂-၂၀၀၅<br>စနေ | သမိုင်း | ဒေါက်တာကျော်ဝင်း<br>ပါမောက္ခ၊ဌာနမှူး<br>သမိုင်းဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(သမိုင်း)အပိုင်း(၂) |
| ၂၀။ | ၁၄-၂-၂၀၀၅<br>တနင်္လာ | ဘောဂဗေဒ | ဒေါ်ဆင်းသိင်္ဂီ<br>ပါမောက္ခ၊ဌာနမှူး<br>ဘောဂဗေဒဌာန<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ဘောဂဗေဒ)အပိုင်း(၂) |
| ၂၁။ | ၁၅-၂-၂၀၀၅<br>အင်္ဂါ | ပင်ရင်းမြန်မာစာ | ဒေါက်တာဦးခင်အေး<br>ပါမောက္ခ၊ဌာနမှူး<br>မြန်မာစာဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(စိတ်ကြိုက်မြန်မာစာ)အပိုင်း(၃) |
| ၂၂။ | ၁၉-၂-၂၀၀၅<br>စနေ | စိတ်ကြိုက်မြန်မာစာ | ဒေါက်တာဦးခင်အေး<br>ပါမောက္ခ၊ဌာနမှူး<br>မြန်မာစာဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(စိတ်ကြိုက်မြန်မာစာ)အပိုင်း(၃) |
| ၂၃။ | ၂၁-၂-၂၀၀၅<br>တနင်္လာ | အင်္ဂလိပ်စာ | ဒေါ်ခင်လေးမြင့်<br>ပါမောက္ခ၊ဌာနမှူး<br>အင်္ဂလိပ်စာဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(အင်္ဂလိပ်စာ)အပိုင်း(၃) |
| ၂၄။ | ၂၂-၂-၂၀၀၅<br>အင်္ဂါ | သင်္ချာ | ဒေါက်တာကြည်ကြည်အောင်<br>ပါမောက္ခ၊ဌာနမှူး<br>သင်္ချာဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(သင်္ချာ)အပိုင်း(၃) |
| ၂၅။ | ၂၆-၂-၂၀၀၅<br>စနေ | ဓာတုဗေဒ | ဒေါက်တာကျော်မျိုးနိုင်<br>တွဲဖက်ပါမောက္ခ<br>ဓာတုဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ဓာတုဗေဒ)အပိုင်း(၃) |
| ၂၆။ | ၂၈-၂-၂၀၀၅<br>တနင်္လာ | ရူပဗေဒ | ဒေါက်တာစိန်ထွန်း<br>တွဲဖက်ပါမောက္ခ<br>ရူပဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ရူပဗေဒ)အပိုင်း(၃) |
| ၂၇။ | ၁-၃-၂၀၀၅<br>အင်္ဂါ | ဇီဝဗေဒ | ဒေါက်တာဒေါ်တင်နွယ်<br>ပါမောက္ခ၊ဌာနမှူး<br>သတ္တဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ဇီဝဗေဒ)အပိုင်း(၃) |
| ၂၈။ | ၅-၃-၂၀၀၅<br>စနေ | ပထဝီဝင် | ဒေါက်တာမိမိကြည်<br>ပါမောက္ခ၊ဌာနမှူး<br>ပထဝီဝင်ဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်ပထဝီဝင်လက်တွေ့<br>ကောင်းကင်ဓာတ်ပုံနှင့်ကွန်တို<br>အကြောင်းသိကောင်းစရာ |
| ၂၉။ | ၇-၃-၂၀၀၅<br>တနင်္လာ | သမိုင်း | ဒေါက်တာကျော်ဝင်း<br>ပါမောက္ခ၊ဌာနမှူး<br>သမိုင်းဌာန<br>ရန်ကုန်တက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(သမိုင်း)အပိုင်း(၃) |
| ၃၀။ | ၈-၃-၂၀၀၅<br>အင်္ဂါ | ဘောဂဗေဒ | ဒေါ်ဆင်းသိင်္ဂီ<br>ပါမောက္ခ၊ဌာနမှူး<br>ဘောဂဗေဒဌာန<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | တက္ကသိုလ်ဝင်စာမေးပွဲအထောက်<br>အကူပြုသင်ခန်းစာ<br>(ဘောဂဗေဒ)အပိုင်း(၃) |

**အသံလွှင့်ပို့ချမည့်အချိန်များ**

| စဉ် | နေ့ | မီတာ | အချိန် |
|---|---|---|---|
| ၁။ | တနင်္လာ<br>အင်္ဂါ<br>စနေ | ၃၀ ဒသမ ၈၅ မီတာ<br>နှင့်<br>လှိုင်းလတ် ၅၂၀ မီတာ | ၁၃း၀၀-၁၃း၂၅ |



## သနပ်ပင်မြို့ ပြည်သူ့ဆေးရုံဖွံ့ဖြိုးတိုးတက်ရေး ဆေးပဒေသာပင်စိုက်ထူပွဲနှင့် ဓမ္မဒါနအလှူငွေပေးအပ်

သနပ်ပင် ဒီဇင်ဘာ ၁၀

**ပဲခူးတိုင်း သနပ်ပင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့ပေါ်စည်းရုံးရေးမှူး၊ စည်ပင်သာယာဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အမှုဆောင်များက ကြီးမှူး၍ ဝေါမြို့ သုခိတာရုံစာသင်တိုက် ဘာသာသွေး တရားဟောဆရာတော် ဒေါက်တာအရှင်ဂမ္ဘီရဗုဒ္ဓိ (ဓမ္မာစရိယ ပါဠိပါရဂူ) Dip in Eng M.A Ph.D တရားပွဲနှင့် သနပ်ပင်မြို့ ပြည်သူ့ဆေးရုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆေးပဒေသာပင်စိုက်ထူပွဲနှင့် ဓမ္မဒါန အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် ည ၉ နာရီက စည်ပင်သာယာဈေးကြီးအရှေ့ ဓမ္မသဘင်မဏ္ဍပ်တွင် ကျင်းပသည်။**

### ပေးအပ်လှူဒါန်း

ရှေးဦးစွာ သနပ်ပင်မြို့နယ်ပြည်သူ့ဆေးရုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာ ဈေးသူ၊ ဈေးသားများ စုပေါင်းလှူဒါန်းသော ငွေကျပ်နှစ်သိန်းအား ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးနိုင်က မြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန့်ဇင်ထံ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ မြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းငါးထောင်အား အလှူရှင်များကိုယ်စား ဦးမောင်ကြိုင်က ဆေးရုံကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်ထံ ပေးအပ်လှူဒါန်းပြီး စည်ပင်သာယာဈေးကြီး မိသားစု၏ ဓမ္မဒါနအလှူငွေ ကျပ် တစ်သိန်းခြောက်သောင်း ငါးထောင်ကျပ်ကို ဈေးအကျိုးတော်ဆောင် ဦးမောင်က ပေးအပ်လှူဒါန်းရာ ဦးထွန်းကြည်က လက်ခံရယူသည်။

### ရေစက်သွန်းချအမျှပေးဝေ

ထို့နောက်ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော် ဒေါက်တာ အရှင်ဂမ္ဘီရဗုဒ္ဓိက တရားဟောကြားတော်မူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(က-ပ)**

## မိုင်းဖြတ်မြို့မဈေး စည်းကမ်းနှင့်အညီ ရောင်းဝယ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်ညွှန်မှူး ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုးဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်း သန့်ရှင်းသပ်ရပ်လှပရေး ဆောင်ရွက်ထားမှုအခြေအနေ၊ မြို့မဈေးအတွင်း စည်းကမ်းနှင့်အညီ ရောင်းဝယ်ဖောက်ကားမှု အခြေအနေများအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့်အဖွဲ့ ဒီဇင်ဘာ ၉ ရက်က ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

## ကြက်ခြေနီ အကြောင်းကြားစာလုပ်ငန်း ကျောင်းကုန်းမြို့နယ်တွင် ရှင်းလင်းဆွေးနွေး



**ကျောင်းကုန်း ဒီဇင်ဘာ ၂၀**

ကြက်ခြေနီအကြောင်းကြားစာလုပ်ငန်းဆိုင်ရာ ကွင်းဆင်း ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးရှိ ဒေါ်သန်းတင်ဆောင်တွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်စန်းနှင့် မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ဆရာဝန် ဒေါက်တာသီတာညွန့်တို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ ၆၈ အုပ်စုမှ တပ်ရင်းမှူး၊ ဒုတိယတပ်ရင်းမှူး၊ တပ်ခွဲမှူး၊ တပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ လက်ထောက် ဆက်သွယ်ရေးအရာရှိ ဒေါ်စုစုလင်းက ကြက်ခြေနီအကြောင်းကြားစာလုပ်ငန်းစဉ်တွင် အသင်းဌာနချုပ်က ပူးပေါင်းဆောင်ရွက်ရခြင်းအခြေအနေနှင့် ခရီးစရိတ်၊ နေ့တွက်စရိတ်များ ထုတ်ပေးခြင်း၊ ကြက်ခြေနီအကြောင်းကြားစာအသင်းဌာနချုပ်သို့ ပြန်လည်ပေးပို့ခြင်း၊ ပေးပို့ခဲ့သည့် ကြက်ခြေနီ အကြောင်းကြားစာအရေအတွက် စာရင်းညှိခြင်းကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ရန်ကုန်ရုံး) ကွင်းဆင်းအရာရှိ ဦးသူရိန်ဝင်းက **(အပေါ်ဝဲပုံ)** အိုင်စီအာရ်စီ၏ မြန်မာနိုင်ငံတွင်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ကြက်ခြေနီအကြောင်းကြားစာဖြစ်ပေါ်လာပုံနှင့် ကြက်ခြေနီအကြောင်းကြားစာ ဖြည့်စွက် လုပ်ငန်းစဉ်ကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးကြသည်။ **(၂၆၅)**

## ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းခင်းရန် ပျော်ဘွယ်မြို့၌ အလှူငွေပေးအပ်

**ပျော်ဘွယ် ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်း ပျော်ဘွယ်မြို့ ပြည်သာယာ ၉ လမ်းအား မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် နိုဝင်ဘာ ၂၇ ရက်က အဆင့် တိုးမြှင့်ဆောင်ရွက်ကြသည်။

အဆိုပါလမ်းသည် အရှည်ပေ ၂၁၅၀၊ အကျယ် ၁၂ ပေဖြစ်ပြီး ကတ္တရာလမ်းခင်းရန်အတွက် အလှူရှင်ဖြစ်သော ပျော်ဘွယ်မြို့ မန္တလေးတန်းရပ်ကွက်နေ ကွယ်လွန်သူ စွိချစ်ပွန်(ခ)ဦးခင်မောင်အားရည်စူး၍ ကျန်ရစ်သူ ဇနီး ဒေါ်ပေါ်တင်နှင့် သားသမီးတစ်စု**(အောက်ပုံ)** တို့က ငွေကျပ် ၄၁ သိန်း ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(၁၁၃)**

## (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို ပေါင်းတည်မြို့ တာပွန်ကျောက်ချောလမ်းဖွင့်

ပြည် ဒီဇင်ဘာ ၁၃

**(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးသော တာပွန်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်လမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၈ နာရီက အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပသည်။**



### အမှာစကားပြောကြား

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်တို့က ကျောက်ချောလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးစိုးလွင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့် တာဝန်ရှိသူများက လမ်းအား ကြည့်ရှုစစ်ဆေးကြသည်။

### ကျောက်ချောလမ်းဆောင်ရွက်

အဆိုပါ ကျောက်ချောလမ်းမှာ အရှည်ပေ ၇၂၀၊ အကျယ် ၁၂ ပေဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေ ကျပ် ၂၄၆၀၀၀၀ ဖြင့် ဆောင်ရွက်ကြောင်း သိရသည်။ **(၄၀၃)**

## သန်လျင်မြို့၌ စာဆိုတော်နေ့ကျင်းပ

**သန်လျင် ဒီဇင်ဘာ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အခြေခံပညာအလယ်တန်းကျောင်း (မြို့ဟောင်း)မှကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများဦးစီး၍ ပထမအကြိမ် စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီက ယင်းကျောင်းခန်းမဆောင်တွင်ကျင်းပသည်။

အခမ်းအနားတွင် ဆရာမကြီးဒေါ်ခင်ထားဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး စာရေးဆရာမှော်ဝန်းကြည်မြတ်၊ စာရေးဆရာမ မိုးပန်းမွန်(ရာမည)နှင့် စာရေးဆရာသန်လျင်မောင်မောင်ဦးတို့က စာပေရေးရာများ ဟောပြောကြသည်။ **(အောက်ပုံ)** **(က-ပ)**



## တနင်္သာရီတိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီနှင့် တောင်သူများတွေ့ဆုံ

ထားဝယ် ဒီဇင်ဘာ ၂၀

**တနင်္သာရီတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များနှင့် တောင်သူများတွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက ထားဝယ်မြို့ မောင်မယ်ရှောင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။**

### စိုက်ပျိုးရေးလုပ်ငန်းရှင်းလင်း

ရှေးဦးစွာ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ခေါင်းဆောင် တိုင်းမြေစာရင်းဦးစီးဌာန ဌာနမှူးဦးသန်းက အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးတင်မောင်မြင့်က စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်နှင့် တောင်သူများက အသီးသီး ဆွေးနွေးတင်ပြကြကြောင်း သိရသည်။ **(က-ပ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇)သင်တန်းဆင်းပွဲ၌မိန့်ခွန်းပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲတွင် လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း လှိုင်ဘွားအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)



ရန်ကုန် ဒီဇင်ဘာ ၂၄

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ဝနာရီခွဲက ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာ တက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည်။ စာမျက်နှာ ၄ ကော်လံ ၄ ❍

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်ပြည်သူ့တပ်မတော်ချစ်ကြည်ရေးအဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် General Political Department မှ Vice Chief ဖြစ်သူ Lieutenant General, Phung Khac Dang နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ စာမျက်နှာ ၁၁ ကော်လံ ၄ ■



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် General Political Department မှ Vice Chief ဖြစ်သူ Lieutenant General, Phung Khac Dang အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

## မြန်မာ့အလင်း (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြုကြိုဆို


- ❒ "ဒို့ရေးဒို့ရာ ဆိုသည်မှာ" (မြင်းမူမောင်နိုင်မိုး၏ ကဗျာ(စာ-၃))
- ❒ "နယ်ချဲ့တွေဟာ မြန်မာ့သယံဇာတတွေကို လောဘဇောတိုက်ပြီး ရယူသွားခဲ့ကြတယ်" (မောင်ဗချီ၏ ကာတွန်း(စာ-၃))
- ❒ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖြစ်ထွန်းလာသည့် ပေ ၁၈၀အထက် တံတားကြီးများ (ခတ်ပုံမှတ်တမ်း စာ-၇)
- ❒ "ယနေ့မြန်မာတို့လွတ်လပ်ရေးကို ကျားကုတ်ကျားခဲ ဇွဲနပဲဖြင့် သွေးချွေးရင်းပြီး ပြန်ယူထားရသောကြောင့် လွတ်လပ်ရေးတန်ဖိုးကို သိနေကြသည်။ သို့ဖြစ်၍လည်း မြန်မာတို့ အထွတ်အမြတ်ထားသည့် လွတ်လပ်ရေးကို လက်လွတ်ဆုံးရှုံးမခံနိုင်ကြတော့ခြင်း ဖြစ်ပေသည်။ လွတ်လပ်ရေးဟူသည် တန်ဖိုးမဖြတ်နိုင်သော အမျိုးသားအမြတ်တေရတနာပင် ဖြစ်လေသည်။" (တက္ကသိုလ်မြတ်သူ၏ဆောင်းပါး (စာ ၈-၉))


# ပြည်သူ့ဘဝမြှင့်တင်ရေးဆောင်ရွက်မှုများ နိုင်ငံအနှံ့မြင်တွေ့နေရ ပြည်သူလူထု၏ ဆန္ဒလိုလားချက်ဖြစ်သည့်ဒီမိုကရေစီကို စနစ်တကျဖော်ဆောင်

ရန်ကုန် ဒီဇင်ဘာ ၂၄

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ကချင်ပြည်နယ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။ စာမျက်နှာ ၁၀ ကော်လံ ၁ ●